မိုးကြိုး
The Lightning သတင်းစဉ်

*( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်* မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ် ခရစ်နှစ် ၂၀၀၁ ခုနှစ် အမှတ်(၂၀)



## ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

## (၁၁)နှစ်မြောက် ရွေးကောက်ပွဲအခမ်းအနား အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၌ကျင်းပ



**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင် ဦးလွင်**

၁၉၉၀ပြည့်နှစ်၊ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ (၁၁)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်တွင် မေလ(၂၇)ရက်နေ့ နေ့လည်(၁၂)နာရီက စတင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ဗဟို အလုပ်အမှုဆောင်ကော်မတီဝင် ဦးလွင်က တက်ရောက် အမှာစကားပြောကြားခဲ့ပြီး ရွေးကောက်ပွဲအောင်နိုင်ခြင်း(၁၁)နှစ်ပြည့် စာတမ်းကို အဖွဲ့ဝင်တဦးက ဖတ်ကြားခဲ့ကြောင်း၊ စာတမ်းဖတ်အပြီးတွင် အဖွဲ့ချုပ်ဝင်လူငယ်များမှ ၁၉၉၀ ပြည့်နှစ်၊ မေလ(၂၇)ရက်နေ့က မြင်ကွင်းတချို့ကို တခန်းရပ်ပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်ဟု သိရသည်။

ထို့ပြင် အခမ်းအနားသို့ အဖွဲ့ချုပ်အဖွဲ့ဝင် (၄၀၀)ခန့်နှင့် နိုင်ငံခြားသတင်းထောက်အချို့လည်း တက်ရောက်ကြကြောင်း၊ ပြီးခဲ့သည့်နှစ်ကလို အဖွဲ့ချုပ်ရုံးသို့ သွားရာလမ်းတလျောက်တွင် လုံခြုံရေးရဲများ ချထားပြီး တားဆီးနှောင့်ယှက် ပိတ်ဆို့မှုများ မရှိဟု သိရသည်။

အခမ်းအနား၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးလွင်က "ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်ပြုမှသာလျှင် ဒီမိုကရေစီစနစ်ရဲ့ သရုပ်မှန်လမ်းပေါ်ကိုရောက်တယ်"ဟု အမှာစကားထဲတွင် ထည့်သွင်း ပြောဆိုသွားသည်။

# မြန်မာပြည်မှအပြန် ရာဇာလီ နှုတ်ဆိတ် တွေ့ဆုံဆွေးနွေးရေး လျှို့ဝှက်မှုများဖြင့်တုံ့နှေးနေ

မြန်မာ့နိုင်ငံရေး ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေမှု အဆုံးသတ်ရေး၏ အခန်းကဏ္ဍတခု အနေဖြင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရာဇာလီအစ္စမိုင်းသည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည့်နှင့်လည်းကောင်း၊နအဖ စစ်အုပ်စုနှင့်လည်းကောင်း တွေ့ဆုံစကားပြောပြီးနောက် ဇွန်လ(၄)ရက်နေ့က မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားသော်လည်း သက်ဆိုင်သူအားလုံးတို့မှ အကြောင်းတစုံတရာ မထုတ်ပြန်သေးသည့်အတွက် အနာဂတ် မြန်မာ့ဒီမိုကရေစီရေးဆွေးနွေးနေမှုမှာ လျှို့ဝှက်မှုများဖြင့် တုံ့နှေးနေသည်။

မစ္စတာ ရာဇာလီအစ္စမိုင်းသည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အုပ်စုအကြီးအကဲတို့အား သီးခြားစီ တွေ့ဆုံစကားပြောသွားခဲ့သော်လည်း ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး တစုံတရာမျှ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိဟု သိရသည်။

မစ္စတာ ရာဇာလီသည် ရန်ကုန်

စာမျက်နှာ (၄) ကော်လံ(၅)သို့



အဖက်နဲ့တဖက် ကိုယ့် ကိုယ်စားလှယ်ကို ရွေးချယ်ပိုင်ခွင့် မရှိဘူးဆိုရင် ဘယ်လိုလုပ်ပြီး စစ်မှန်တဲ့နိုင်ငံရေးဆွေးနွေးမှုလို့ ဘယ်လိုလုပ် ခေါ်မလဲ

**အေးရှားဝိခ် အကြီးတန်းသတင်းထောက် Roger Mitton နှင့် တွေ့ဆုံစဉ်က ၁၉၉၉ ခုနှစ်၊မေလ**

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တို့အား ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၏ မေတ္တာရပ်ခံ ပန်ကြားလွှာ

**တိုင်းပြည်၌တွေ့ကြုံနေရသော အခက်အခဲ အကျပ်အတည်းများကို တမျိုးသားလုံး သွေးစည်းညီညွတ်မှုစွမ်းအားဖြင့် ကျော်လွှားလွန်မြောက်နိုင်အောင် အမြန်ဆုံး ကြိုးပမ်းဆောင်ရွက်ကြပါရန်**

၁။ ယနေ့ မြန်မာနိုင်ငံ၌ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကျပ်အတည်းအခက်အခဲများသည် တစတစ ကြီးထွားပေါ်ပေါက်လာလျက်ရှိရာ အထူးသဖြင့် စီးပွားရေးအကျပ်အတည်း အခက်အခဲများကို တိုင်းသူပြည်သားများ ကြီးမားစွာရင်ဆိုင်ခံစားရလျက်ရှိပါသည်။ အိမ်နီးနားချင်းနိုင်ငံများနှင့် နယ်ခြားပြဿနာများကို အကြောင်းပြု၍ တရားဝင်ခွင့်ပြုထားသော နယ်စပ်ကုန်သွယ်ရေးများကအစ ပျက်ပြားလာခြင်း၊ မြန်မာကျပ်ငွေ တန်ဖိုးကျဆင်း၍ နိုင်ငံခြားသုံးငွေဖြင့်လဲလှယ်ရာတွင် မတန်တဆဈေးနှုန်းများဖြစ်ပေါ်နေခြင်း၊စားကုန်သောက်ကုန် လူသုံးကုန်များနှင့် ကျန်းမာရေးအတွက် အဓိကလိုအပ်သောဆေးဝါးဈေးနှုန်းများပါ အဆမတန် ကြီးမြင့်လာနေခြင်း စသည်တို့သည် ငြင်းဆို၍မရနိုင်သည့် ပကတိအခြေအနေများပင် ဖြစ်ပါသည်။

၂။ ယင်းကဲ့သို့ စီးပွားရေးအကျပ်တည်းများ ဖြစ်ပေါ်လာရခြင်းသည် နိုင်ငံတော်အကျပ်အတည်းဖြစ်ခြင်း၏ အကျိုးဆက်များသာ ဖြစ်ပါသည်။ ဤနိုင်ငံရေးအကျပ်အတည်း ဖြစ်ပွားရခြင်းမှာလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)က တာဝန်ယူကျင်းပခဲ့သော ၁၉၉၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ရလဒ်ကို အကောင်အထည်မဖော်နိုင်ရာမှ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ယင်း နိုင်ငံရေးအကျပ်အတည်းမှ ထွက်မြောက်နိုင်ရန် အမျိုးသားချင်း ပြန်လည်သင့်မြတ်ရေးအခြေခံပေါ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(တပ်မတော်အစိုးရ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသား လူမျိုးစုကိုယ်စားလှယ်များပါဝင်သော အချင်းချင်း

စာမျက်နှာ (၂) ကော်လံ (၃)သို့



**ဦးဝင်းတင်နှင့် ဒေါ်စမ်းစမ်းနွဲ့ (သာယာဝတီ) လွှတ်လပ်သော ရွှေကလောင်ဆုများ ချီးမြှင့်ခံရ**

ပြည်ပရောက် ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ရုပ်ရှင်သရုပ်ဆောင် ဦးအောင်ကို လွတ်လပ်သောရွှေကလောင်ဆုရ ဦးဝင်းတင်နှင့် ဒေါ်စမ်းစမ်းနွဲ့(သာယာဝတီ)ကိုယ်စား တက်ရောက်ဆုယူခိုက် စကားပြောကြားနေစဉ်

သတင်းအပြည့်အစုံ စာမျက်နှာ (၅)

## မြန်မာကျောင်းသုံး ပြဌာန်းချက်စာအုပ်

ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး စူယာကီယတ်စာတီရာထိုင်း က မြန်မာကျောင်းသုံး ပြဌာန်းချက်စာအုပ်ထဲတွင် ရေးသားထားသော ထိုင်းနိုင်ငံနှင့်ပတ်သက်သည့် ကိစ္စအားဆွေးနွေးရန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးမျိုးမြင့်အား ဆင့်ခေါ်လိုက်သည်ဟု မေလ(၈)ရက်နေ့ထုတ် နေးရှင်းသတင်းစာ၌ ရေးသားထားသည်။



ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး စူယာကီယတ် စာတီရာထိုင်း



မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှထုတ်ဝေသည်။

# မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

### ပြည်သူ့လွှတ်တော် အမြန်ဆုံး ခေါ်ယူရေး

၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း၏ စစ်တပ်မှ အာဏာသိမ်းပြီး အဖွဲ့ဝင် (၁၇)ဦးပါဝင်သော တော်လှန်ရေးကောင်စီကို ဖွဲ့စည်းခဲ့သည့်နေ့မှ (၂၈)နှစ် အကြာ ၁၉၉၀ပြည့်နှစ် မေလ(၂၇)ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ပြီးစီးခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၁)နှစ် ပြည့်ခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၅၂ခုနှစ်၊၁၉၅၆ခုနှစ်နှင့် ၁၉၆၀ခုနှစ်များတွင် ပါလီမန် လွှတ်တော်ရွေးကောက်ပွဲများကျင်းပခဲ့ပြီး ပါလီမန်ဒီမိုကရေစီစနစ်လည်း ထွန်းကားခဲ့ပေသည်။

ထိုသို့ အခြေကျနေပြီဖြစ်သော ပါလီမန်ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုဖျက်သိမ်းကာ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော စစ်တပ်က အာဏာသိမ်းယူခဲ့ခြင်းဖြစ်သည်။

၁၉၆၃ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ရာ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်းသည် ထိုပါတီ၏ဥက္ကဋ္ဌကြီး ဖြစ်လာရုံမျှမက ယင်းတို့ရေးဆွဲသည့် ၁၉၇၄ခုနှစ် အခြေခံဥပဒေအရ နိုင်ငံတော်သမတ ဖြစ်လာပြန်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည်လည်း နိုင်ငံတော်၏ တခုတည်းသော ဦးဆောင်ပါတီဖြစ်လာခြင်း၊ နိုင်ငံတော်အား တပြည်ထောင် ပုံစံပြောင်းလဲခဲ့ခြင်း၊ လွှတ်တော်တရပ်သာထားရှိခြင်းတို့ဖြင့် ကန့်သတ်ပြဋ္ဌာန်း အုပ်ချုပ်ခဲ့ပေသည်။

ထိုသို့ စစ်ခေါင်းဆောင်အများစုပါဝင်သော ဖိနှိပ်အုပ်ချုပ်ရေးယန္တရားကြီးကြောင့် နိုင်ငံတော်လည်း ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့ရုံမျှမက တိုင်းပြည်နှင့် လူမျိုးစုံပြည်သူတို့၏ အခြေအနေသည်လည်း အဘက်ဘက်မှ ယိုယွင်းနိမ့်ကျကာ အခြေအနေဆိုးများဖြင့် ရင်ဆိုင်လာရပေတော့သည်။

၁၉၈၈ ခုနှစ်တွင် ထိုကဲ့သို့သော အခြေအနေဆိုးများကို လှည့်ပြောင်းပြီး ဆက်လက်အုပ်ချုပ်ရန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ကြိုးစားနေခိုက် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား မောင်ဖုန်းမော်အား လုံထိန်းရဲများက ပစ်သတ်ခဲ့သော အမှုမှစတင်ကာ လူမျိုးစုံအလွှာပေါင်းစုံပါဝင်သော ပြည်လုံးကျွတ် ဆန္ဒပြကန့်ကွက်ကြသည့် ဒီမိုကရေစီတောင်းဆိုပွဲကြီး ပေါ်ပေါက်ခဲ့တော့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက အာဏာလွှဲပြောင်းပေးခြင်းကိုခံရသော တပ်မတော်သည် ပြည်သူလူထုကြီး၏ဒီမိုကရေစီရေးတောင်းဆိုမှုကို ရက်စက်စွာ အကြမ်းဖက်ဖြိုခွဲပြီး ၁၉၈၈ခုနှစ် စက်တင်ဘာလ(၁၈)ရက်နေ့တွင် အမိန့်အမှတ် (၁–၈၈)ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ထို့နောက် အဖွဲ့၏လုပ်ငန်းတာဝန်(၄)ရပ်ထဲမှ စတုတ္ထတာဝန်ဖြစ်သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဥပဒေကိုပြဋ္ဌာန်း၍ ၁၉၉၀ပြည့်နှစ် မေလ(၂၇)ရက်နေ့တွင် ရွေးကောက်ပွဲကြီး ကျင်းပပေးခဲ့ပါသည်။လွတ်လပ်၍ တရားမျှတမှုရှိသော ထို ရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူအပေါင်းတို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း(၄၉၂)နေရာရှိသည့်အနက် နိုင်ငံရေးပါတီပေါင်းစုံမှ လွှတ်တော်ကိုယ်စားလှယ်(၄၈၅)ဦးကို ရွေးချယ်တင်မြှောက်ခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၉၂)ဦး ရွေးချယ်ခံခဲ့ရပါသည်။

သို့သော်လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်ညီလာခံ အစည်းအဝေးကို ကျင်းပပြုလုပ်ပေးခြင်းမရှိဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟု အမည်ပြောင်းကာ ဖိနှိပ်မှုမျိုးစုံဖြင့် ဆက်လက် အုပ်ချုပ်နေပြန်သည်။

၁၉၆၂ခုနှစ် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် စစ်ဘက်ခေါင်းဆောင်အများစုပါဝင်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ (၂၆)နှစ်တာ သမိုင်းစာကို ယခု နအဖဗိုလ်ချုပ်ကြီးများ မသိကျိုးကျွံပြုကာ (၁၃)နှစ်တာမျှ ဆက်လက်အုပ်ချုပ်နေကြပြန်သည်။ အကျိုးဆက်ကား မဆလခေတ်ထက်ပင် ပိုမိုဆိုးရွားသော အခြေအနေများနှင့် လူမျိုးစုံပြည်သူလူထုကြီးတို့ ရင်ဆိုင်နေကြရခြင်းပင် ဖြစ်တော့၏။သို့သော်လည်း နအဖဗိုလ်ချုပ်ကြီးများကမူ အာဏာကို အစဉ်အမြဲ ဆုပ်ကိုင်မထားကြောင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်စေရန် ဆောင်ရွက်နေကြောင်း မကြာခဏ ပြောဆိုနေသည်။အမှန်တကယ် ထိုသို့ဖြစ်လာရန်မှာ ပြည်သူများအတွက် လွတ်လပ်မှုအပြည့်အဝရှိသော ဒီမိုကရေစီနိုင်ငံဖြစ်မှသာလျှင် ရရှိနိုင်မည် ဖြစ်သည်။

ထို့ကြောင့် (၁၁)နှစ်ပြည့်ခဲ့ပြီဖြစ်သော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၏ရလာဒ်ကို အသိအမှတ်ပြုပြီး လူမျိုးစုံပြည်သူလူထုကြီး ရင်ဆိုင်နေရသော အထွေထွေအကျပ်အတည်းအခက်အခဲပေါင်းစုံမှ လွတ်မြောက်နိုင်ရန်၊ တိုင်းပြည်၏ အသက်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို အကောင်အထည်ဖေါ်နိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်ညီလာခံ အစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပပေးရန် လိုအပ်လှပါကြောင်း ရေးသားလိုက်ရပေသည်။

❖

**လူထုဆန္ဒ လူထုအသံ ရွေးကောက်ပွဲသစ် လက်မခံ**

# ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၏ မေတ္တာရပ်ခံပန်ကြားလွှာ မှ

မျက်နှာစုံညီတွေ့ဆုံဆွေးနွေး၍ ဖြေရှင်းကြ ပါရန် ကျွန်ုပ်တို့သည် ၁၉၉၅ခုနှစ်မှစ၍ အစဉ်တစိုက်တိုက်တွန်းပန်ကြားခဲ့ပါသည်။ မည်ကဲ့သို့ ဖြေရှင်းသင့်ကြသည်ကိုလည်း အကြံပေးခဲ့ပါသည်။

၃။နိုင်ငံတကာအတွေ့အကြုံများအရ လည်းကောင်း၊ ကျွန်ုပ်တို့ တိုင်းပြည်၏ အတွေ့အကြုံများအရ လည်းကောင်း၊အထွေထွေအကျပ်အတည်းများကို ကျော်လွှားလွန်မြောက်နိုင်ရန်မှာ တဦးကောင်း၊ တယောက်ကောင်း၊ တဖွဲ့ကောင်းဖြင့် ဖြေရှင်း၍မရနိုင်သလို ငါးပွက်ရာငါးစာချ ၊ဆန်စင်ရာကျည်ပွေ့ လိုက်သည့်နည်းဖြင့် ဖြေရှင်း၍မရနိုင်ပါ။ တမျိုးသားလုံး သွေးစည်းညီညွတ်မှုအင်အားဖြင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြကာနိုင်ငံရေးပြေလည်မှုတည်ဆောက်နိုင်မှသာ ဖြေရှင်း၍ရနိုင်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် ရိုးသားတည်ကြည်စွာ ယုံကြည်လျှက်ရှိပါသည်။

၄။သို့ရာတွင် ကျွန်ုပ်တို့အကြံပြုချက်များကို အကြောင်းအမျိုးမျိုးကြောင့်အကောင်အထည်မဖေါ် ဖြစ်နေခဲ့ရာမှ အနှစ်နှစ်အလလက ကျွန်ုပ်တို့ မျှော်လင့်ခဲ့သည့်အတိုင်း သက္ကရာဇ် (၂၀၀၀)ခုနှစ်၊အောက်တိုဘာလမှ စတင်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးနေကြပြီဟု သတင်းများ ပေါ်ထွက်လာသည့်အခါ ပြည်သူလူထုကြီးနှင့်ထာကွ ကျွန်ုပ်တို့အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါသည်။ဝမ်းမြောက်ကြိုဆိုကြောင်းကိုလည်း ထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ခြင်းဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးအတွက် ရလာဒ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်မိကြပါသည်။ အဘယ့်ကြောင့်ဆိုသော် သက္ကရာဇ်(၂၀၀၁)ခုနှစ်၊မတ်လ(၂၇)ရက်နေ့တွင် ကျရောက်သည့် (၅၆)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့(တပ်မတော်နေ့)တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာမှာ “ ဘာကြောင့်လည်းဆိုရင် နိုင်ငံရေးမတည်ငြိမ်သမျှ စီးပွားရေးကို တည်ဆောက်လို့မရတာကြောင့်ဖြစ်တယ်”လို့ မှန်ကန်စွာ ထည့်သွင်းပြောကြားသွားခဲ့ပါသည်။

ထို့အပြင် နိုင်ငံတကာအတွေ့အကြုံ သင်ခန်းစာအဖြစ်

“ဒီမိုကရေစီစနစ်ကို နှစ်ရှည်ကျင့်သုံးခဲ့ကြတဲ့ နိုင်ငံတွေကိုကြည့်ရင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာကြွယ်ဝတဲ့စက်မှုနိုင်ငံတွေ ဖြစ်ကြောင်းတွေ့ရတယ်။ လူတဦးချင်း ဝင်ငွေများပြားခြင်း၊အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ်တို့ ဖွံ့ဖြိုးတိုးတက်တဲ့အပြင် ပါတီဝါဒတွေ ဘယ်လိုပဲကွဲပြားပါစေ အမျိုးသားရေး အကျိုးစီးပွားအတွက် လက်တွဲညှိနှိုင်း ဆောင်ရွက်နိုင်ကြတာကိုလည်းတွေ့ရတယ်”လို့ မိန့်ကြားသွားခဲ့ပါတယ်။

ယင်းမိန့်ခွန်းအတွင်း၌ပင် ဗိုလ်ချုပ် မှူးကြီး သန်းရွှေက

“ဒို့အချင်းချင်းကြားမှာ ပြဿနာဖြေရှင်းတဲ့အခါမှာလည်း ပဋိပက္ခ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းမှုတွေဟာ ပြဿနာပြေလည်ရေးထက် အခြေအနေကိုပိုပြီးခက်ခဲစေမှာဖြစ်တယ်။ဒါကြောင့် ဒို့အချင်းချင်းဟာ သဟဇာတဖြစ်ရေးဆိုတဲ့မူကိုအခြေခံပြီး ဆောင်ရွက်လျှက်ရှိတယ်။ ဒို့တတွေဟာ တပြည်ထဲနေ တရေတည်းသောက်ဆိုတဲ့ သဘောထားအမြင်နဲ့ ချစ်ချစ်ခင်ခင်နဲ့ တိုင်းပြည်တည်ဆောက်ရေးကို ပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုအပ်ကြောင်း ပြောကြားလိုတယ်”လို့ ရှိသင့် ရှိထိုက် ခံယူသင့်ခံယူထိုက်တဲ့ သဘောထားအမြင်ကို ဖေါ်ပြသွားခြင်းဖြစ်သည်ဟု ယူဆမိပါသည်။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့်လည်း ဒီမိုကရေစီရေးနှင့်အမျိုးသားညီညွတ်ရေးအတွက် ဦးတည်တည်ဆောက်ထားသော အဖွဲ့အစည်းဖြစ်သဖြင့် နှစ်ဦးနှစ်ဘက်တို့အကြား ကြီးမားသောကွဲလွဲချက်များမရှိနိုင်ဟု ယူဆမိကြပါသည်။

၅။သို့ရာတွင် အချိန်ကာလ(၈)လမျှကြာမြင့်သည့်တိုင်အောင် နှစ်ဦးနှစ်ဘက်တို့အနေဖြင့် ဖြစ်ထွန်းတိုးတက်မှုများ တစုံတရာထုတ်ပြန်ကြေညာခြင်း မရှိသည့်အတွက် ကောလဟာလ သတင်းများ အမျိုးမျိုး ပေါ်ထွက်လာကာ တိုင်းရင်းသား သွေးချင်းသားချင်းများအပါအဝင် ပြည်သူလုထုများအတွင်း စိုးရိမ်ပူပန်မှုများ၊ အားမလိုအားမရမှုများနှင့် သံသယစိတ်များ ဖြစ်ပွားပေါ်ပေါက်လျှက်ရှိနေကြကြောင်း ကြားသိနေရပါသည်။

၆။ဤကဲ့သို့သော တတိုင်းတပြည်လုံး တမျိုးသားလုံး၏အရေးကိစ္စများကို ဆွေးနွေးနေကြသည်ဖြစ်ပါလျှက် လျှို့ဝှက်သိပ်သည်းလွန်ခြင်းကြောင့် ကောလဟာလများ၊ သံသယများဖြစ်ပွားနေသည့် အခြေအနေအတွင်း၌ပင် စီးပွားရေးအကျပ်အတည်းအခက်အခဲများ၊အထူးသဖြင့် ကုန်ဈေးနှုန်းများ မတန်တဆကြီးမြင့်လာခြင်း၊ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာခြင်းများ သိသာထင်ရှားစွာ ဖြစ်ပွားပေါ်ပေါက်၍နေပါသည်။ ဤကျပ်တည်းမှုဒဏ်ကို ဆင်းရဲသားပြည်သူ လူများစုကြီးအနေဖြင့် ကြီးမားစွာ ခံစားနေကြရပါသည်။

၇။ဤအထွေထွေအကျပ်အတည်းမှ လွန်မြောက်အောင် မှန်မှန်ကန်ကန် ဖြေရှင်းမပြုနိုင်ပါက မမျှော်မှန်းနိုင်သော ဆိုးဝါးသည့်အကျိုးဆက်များ ဖြစ်ပွားပေါ်ပေါက်လာမည်ကို ကျွန်ုပ်တို့ အနေဖြင့် အလွန်အမင်းစိုးရိမ်ပူပန်မိပါသည်။

၈။လက်ရှိဆွေးနွေးပွဲ ပြုလုပ်နေခြင်း၊တဖက်နှင့်တဖက် စွပ်စွဲပုတ်ခတ်နေမှုများမပြုလုပ်ခြင်းသည် ကောင်းမြတ်သော အစဉ်အလာဖြစ်သကဲ့သို့ ဆွေးနွေးပွဲများကို တန်းတူခြင်း၊ လွတ်လပ်ခြင်း၊ကျယ်ပြန့်ခြင်း စသည့်အခြေအနေများကိုလည်း တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ဆွေးနွေးပွဲရလာဒ်ကောင်းများအား ပြည်သူလူထုကြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန်ထုတ်ပြန်ပေးခြင်း၊ဆွေးနွေးဖက်ဖြစ်သော ခေါင်းဆောင်များအား နေအိမ်မှထွက်ခွာခွင့်မပြုခြင်းကို ရုတ်သိမ်းပေးခြင်း၊ ဖမ်းဆီးအကျဉ်းချထားခြင်းခံနေရသော နိုင်ငံရေးအကျဉ်းသားများအား ချွင်းချက်မရှိ လွှတ်ပေးခြင်း၊ ဥပဒေနှင့်အညီဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားအဖွဲ့အစည်းများအား လွတ်လပ်စွာနိုင်ငံရေးလှုပ်ရှားမှုများပြုလုပ်ခွင့်ပေးခြင်း စသည်များ ပြုလုပ်ပေးခြင်းအားဖြင့်သာလျှင် လက်ရှိဆွေးနွေးပွဲအား လျှင်မြန်ချောမွေ့စွာဖြင့် ပြဿနာအရပ်ရပ်ကို အောင်မြင်စွာဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်မိကြပါသည်။

၉။တရက်စော၍ မှန်ကန်စွာဖြေရှင်းနိုင်လေ၊ပြည်သူလူထုကြီး ခါးသီးစွာ ခံစားနေရသောလူမှုဒုက္ခများမှ တရက်စော၍ လွတ်မြောက်လေဖြစ်ပါသည်။

နိုင်ငံရေးတည်ငြိမ်မှုရှိမှသာ အထွေထွေ အကျပ်အတည်းအခက်အခဲများမှ လွတ်မြောက်မည်ဖြစ်ကြောင်း လေးနက်စွာယုံကြည်ကြလျှက် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ကျွန်ုပ်တို့အနေဖြင့် ဤ မေတ္တာရပ်ခံပန်ကြားလွှာကို ဆန္ဒဒေါသဘယာ၊ မောဟတည်းဟူသော အဂတိလေးပါးကင်းစွာဖြင့် တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးစီးပွားကိုသာ ဦးထိပ်ထား၍ လေးနက်တည်ကြည်စွာ မေတ္တာရပ်ခံပန်ကြားခြင်းဖြစ်ပါသည်။

**ရက်စွဲ။ ။ ၂၀၀၁ခုနှစ်၊**
**မေလ(၂၀)ရက်**

**( ဗိုလ်မှူးအောင် )**

**နိုင်ငံရေး**
**လုပ်ဖေါ်ကိုင်ဖက်များကိုယ်စား**

**သခင် ချစ်မောင်**
**သခင် သိန်းဖေ**
**ဗိုလ်စံသာကျော်**
**ဦးအောင်မြင့်**
**ဗိုလ်ညို**
**ဗိုလ်မင်းလွင်**
**ဦးဘထွန်း**
**ဗိုလ်အောင်နိုင်**
**ဗိုလ်သာထွန်း**




BINA
Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့် သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချီသည်။

**အယ်ဒီတာ**
**ကိုပုည**

P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com

ကမ္ဘာ့စီးပွားရေးအား စိမ်းလန်းစိုပြေစေခြင်းဖြင့် အလုပ်အကိုင်များကို ပိုမိုဖန်တီးနိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ပြောဆိုခဲ့သည်မှာ ကြာပြီဖြစ်သည်။ ဤအချက်ကို မှန်ကန်ကြောင်း ယနေ့ဖြစ်ရပ်များက သက်သေပြလျက်ရှိသည်။

ဝါရှင်တန်ဒီစီတွင်အခြေစိုက်သည့် ကမ္ဘာ့စောင့်ကြည့်ရေးအဖွဲ့ တဖွဲ့က ယနေ့ကမ္ဘာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်လုပ်ကိုင်ရာတွင် တကမ္ဘာလုံးအတိုင်းအတာနှင့် အလုပ်အကိုင်ပေါင်း(၁၄)သန်းကို ဖြစ်ပေါ်စေသည်ဟု ခန့်မှန်းထားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားလုပ်ဆောင်ကြသည့် စက်မှုထွန်းကားသည့်နိုင်ငံများတွင် အလုပ်အကိုင်သစ် အခွင့်အလမ်းများဖြစ်ပေါ်နေသည်ကိုတွေ့ရှိရသည်။ အဟောင်းအဆွေးများအား ပြန်လည်အသုံးချသည့် လုပ်ငန်း၊ကုန်ပစ္စည်းများကို ထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ စွမ်းအင်နှင့် ရုပ်ဝတ္ထုပစ္စည်း၏ စွမ်းရည်အသုံးချမှုနှင့် စွမ်းအင်ဖွံ့ဖြိုးရေးအတွက် အခြားနည်းလမ်းများမှာ အလုပ်အကိုင်အမြောက်အများကို ဖြစ်ပေါ်စေသည်။အလုပ်အကိုင်များမှာ မကြာခဏဝင်ရောက်လုပ်ကိုင်သူ အလျှင်မမီဘဲဖြစ်နေသည်ကိုပင် တွေ့ရှိရသည်။

ဥပမာ–ဥရောပတွင် လေအားစွမ်းအင်ကိုအသုံးပြုသည့် လုပ်ငန်းများတွင် ကျွမ်းကျင်သူအလုပ်သမားအများအပြားကိုအလိုရှိလျက်ရှိသည်။ ဇလဗေဒပညာရှင်များ၊ အင်ဂျင်နီယာများ၊ သတ္တုအလုပ်သမားများနှင့်ကွန်ပြူတာရိုက်နှိပ်သူ အများအပြားမှာအလုပ်အကိုင် ရရှိကြသည်။

ယနေ့ကမ္ဘာတွင် လေအားစွမ်းအင်ကိုအသုံးပြုရာ၌ အသုံးပြုသည့်အရွယ်ပမာဏမှာ ၁၉၉၇မှ ၁၉၉၉ခုနှစ်အတွင်း နှစ်ဆတိုးလာသည်။ကမ္ဘာတဝှမ်း အလုပ်အကိုင်ပေါင်း (၈၆၀၀၀) ရှိစေသည်။ သက္ကရာဇ်(၂၀၂၀)ရောက်လျှင် လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေး၏ (၁၀) ရာခိုင်နှုန်းကို လေအားစွမ်းအင်ကနေ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အဟောင်းအဆွေးများအား ပြန်လည်အသုံးချသည့် စက်မှုလုပ်ငန်းတွင်လည်း တနှစ်တနှစ်လျှင် အဟောင်းအဆွေး တန်သန်းပေါင်း(၆၀၀)ကို ပြန်လည်အသုံးပြုနိုင်ရန် ပြုလုပ်နိုင်ခဲ့သည်။ ဤ လုပ်ငန်းတွင် တနှစ်အတွက် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း(၁၆၀)ရှိသည်။ လူဦးရေ (၁.၅)သန်းကိုလည်း အလုပ်အကိုင်ပေးနေသည်။

အသုံးပြုပြီးသား ပစ္စည်းများအား ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းများလည်း အလွန်တွင်ကျယ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို များစွာအကာအကွယ်ပေးနိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ရှဲရော့(က်)နှင့် ခဲနွန်ကုမ္ပဏီကြီးများကဦးဆောင်ကာ အသုံးပြုပြီးသားပစ္စည်းနှင့် ၎င်းတို့၏အစိတ်အပိုင်းများအား ပြန်လည်ထုတ်လုပ်သည့် လုပ်ငန်းကိုလုပ်ဆောင်ရာတွင် လုပ်ငန်းတန်ဘိုးပမာဏမှာ အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း(၅၃) သန်းရှိနေပါသည်။ဤ တန်ဘိုးပမာဏသည် အကြမ်းဖျင်းအားဖြင့် ဥရောပပြည်ထောင်စုတခုလုံး၏ ကုန်ထုတ်တန်ဘိုး (၄)ရာခိုင်နှုန်းခန့်ရှိနေပါသည်။

နေပူရှိန်မှ စွမ်းအင်ထုတ်လုပ်ခြင်း လုပ်ငန်းလည်း ကြီးထွားလျှက်ရှိနေသည်။ အမေရိကန်ပြည်ထောင်စုတွင် ဆိုလာလျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးလုပ်ငန်း၌ လူနှစ်သောင်းကို တိုက်ရိုက်အလုပ်ပေးနိုင်ပြီး သွယ်ဝိုက်သောနည်းဖြင့် ဤလုပ်ငန်းကို အခြားလူပေါင်း တသိန်းငါးသောင်းကို အကျိုးပြုလျှက်ရှိသည်။ ဤလုပ်ငန်းမှ မတူခြားနားလျှက်ရှိသည့် စက်မှုလုပ်ငန်းအမျိုးမျိုးကို လုပ်ဆောင်နိုင်သည်။ဥပမာအားဖြင့် မှန်အမျိုးမျိုးအားထုတ်လုပ်ခြင်းနှင့် သံမဏိပစ္စည်းများထုတ်လုပ်ခြင်း၊ လျှပ်စစ် ပစ္စည်းများနှင့် ဗိသုကာလုပ်ငန်းဆိုင်ရာပစ္စည်းများကို ထုတ်လုပ်နိုင်သည်။ဥရောပတွင် နေရောင်ခြည်ကိုအသုံးပြုသည့် စက်ရုံများ၌ လူပေါင်း တသောင်းကျော်ကို အလုပ်ပေးနိုင်သည်။ ဥရောပတွင် ဤစက်မှုလုပ်ငန်းနှင့်ပတ်သက်ပြီး လာမည့် (၂၀၀၁)ခုနှစ်၌ အနည်းဆုံး လူပေါင်း (၇၀,၀၀၀)ကို အလုပ်ပေးနိုင်သည့် စက်ရုံများ ရှိလာလိမ့်မည်။

ဂျာမဏီနိုင်ငံတွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို လက်ခံဆောင်ရွက်သည့် ထုတ်လုပ်ရေးလုပ်ငန်းများမှာ အလုပ်အကိုင်စုစုပေါင်း(တသိန်းကျော်)ကို ဖန်တီးနိုင်ခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်ခဲ့သည့်စာရင်းအရ(၁၉၉၅–၉၉) ခုနှစ်အတွင်း ကမ္ဘာပေါ်ရှိ အဌေးဆုံးလူ(၃၆၀)တို့၏ စုစုပေါင်းဝင်ငွေသည် အဆင်းရဲဆုံးလူ သန်း(၃)ထောင်ကျော်တို့၏ စုစုပေါင်းဝင်ငွေထက် များနေသည်။ ဤကာလအတွင်း တနေ့လျှင်ဝင်ငွေ(၁)ဒေါ်လာအောက်ရှိသည့် လူဦးရေမှာ သန်းပေါင်း(၁၃၀၀)ရှိပြီး ဤအရေအတွက်သည်ပြောင်းလဲမှုမရှိဘဲ တန့်နေသည်။၁၉၆၉ခုနှစ်က ကမ္ဘာပေါ်ရှိ အချမ်းသာဆုံးလူ (၂၀)ရာခိုင်နှုန်းနှင့် အေးလွန်ခေတ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကို ယူဆောင်လာနိုင်စွမ်းမရှိခဲ့ပေ။ ယင်းကြောင့် ကြီးမားသည့်အပြောင်းအလဲရှိရန် အခြားနည်းလမ်းများမှာ အရေးတကြီးလိုအပ်လျက်ရှိသည်။

### ကမ္ဘာ့လက္ခဏာဆောင်မှုအောက်ဝယ်

နိုင်ငံတကာငွေကြေး အဆောက်အအုံကြီးများဖြစ်ကြသည့် ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်(ဖ်)နှင့် WTOတို့၏ အဆောက်အအုံပြုပြင်ပြောင်းလဲရေး အရင်းရှင်နိုင်ငံများ၏ လက်ထဲတွင်သာရှိသည်။ကမ္ဘာ့လူဦးရေ တဝက်သည် ယခုအချိန်အထိ တယ်လီဖုန်းကို တခါမျှ အသုံးမပြုရသေးဘဲ ဖြစ်နေသည်။

### ကမ္ဘာ့ကုလသမဂ္ဂ ကို ပြုပြင်သွားရမည်

ယနေ့ကမ္ဘာ့ကုလသမဂ္ဂသည် ဒီမိုကရေစီပြုပြင်ရေးအတွက် အရေးတကြီး လိုအပ်လျက်ရှိနေပြီးဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂမှာ ကမ္ဘာ့ဖက်ဆစ်ဝါဒကိုအောင်နိုင်ပြီးမှ ဖွဲ့စည်းခဲ့ခြင်းဖြစ်



# ကြာဟလျှက်ရှိနေသည့် ယနေ့ကမ္ဘာ

အဆင်းရဲဆုံးလူ (၂၀)ရာခိုင်နှုန်းတို့၏ အရေအတွက်အချိုးအစားမှာ (၁း၃၀) ရှိခဲ့ရာမှ ၁၉၉၀ခုနှစ် ရောက်သောအခါ ဤအချိုးအစားသည် (၁း၆၀)ဖြစ်လာသည်။ ယနေ့အချိန်တွင် ဤအချိုးမှာ (၁း၇၄)အထိ ဖြစ်လာ ပြီး၊ အချိုးအစား တဖြည်းဖြည်းချင်း ဆက်လက်ကြီးထွားလျက် ရှိနေသည်ကို တွေ့ရသည်။

ကမ္ဘာ့အချမ်းသာဆုံး လူဦးရေ (၂၀)ရာခိုင်နှုန်းမှပိုင်ဆိုင်သည့် ဓနဉစ္စာမှာ ကမ္ဘာ့ဓနဉစ္စာအားလုံး၏ (၈၅)ရာခိုင်နှုန်း ဖြစ်နေသည်။ ကမ္ဘာ့အဆင်းရဲဆုံးလူဦးရေ(၂၀)ရာခိုင်နှုန်း၏ ကမ္ဘာ့ဓနပိုင်ဆိုင်မှုမှာ(၁.၄)ရာခိုင်နှုန်းသာ ရှိသည်။လွန်ခဲ့သည့်အနှစ်(၃၀)က ၎င်းတို့၏ပိုင်ဆိုင်မှုမှာ(၂.၄)ရာခိုင်နှုန်း ဖြစ်ခဲ့သည်။ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်(ILO)၏ခန့်မှန်းချက်အရ ရေရှည်ရောဂါသဖွယ်ဖြစ်နေသည့် အချိန်ပြည့်နှင့် အချိန်ပိုင်းအလုပ်လက်မဲ့တို့၏ ဦးရေမှာ သန်း(၈၂၀)ရှိနေသည်။ထိုနည်းတူစွာ အဟာရချို့တဲ့သူ ကမ္ဘာပေါ်ရှိ လူဦးရေလည်း ရေရှည်သဖြင့်မပြောင်းမလဲ ရှိနေသည်။

အထက်ပါအခြေအနေ အောက်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးအားထိန်းသိမ်းနိုင်ရေး၊လူသားတရပ်လုံး၏ လိုအပ်ချက်ကို ဖြည့်စွမ်းရေးအတွက် အာမခံချက်ရှိသည့် ကမ္ဘာ၏ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူသားထုတရပ်လုံး အပြည့်အဝတိုးတက်ဖွံ့ဖြိုးလာရေး စသည့် စသည့် ဤပြဿနာကြီးများမှာ ယနေ့ခေတ် ကမ္ဘာ့ပုံစံသစ်အောက်တွင် ဖြစ်လာနိုင်ဖွယ်မရှိသည်ကို ပြဆိုလျက်ရှိသည်။

ဥရောပတွင် ဆိုရှယ်လစ်နိုင်ငံများ ပြိုကျပျောက်ကွယ်သွားသည့် အချိန်ကစပြီး ယခုအချိန်အထိ နိုင်ငံတကာအခြေအနေမှာ လူမျိုးရေးပဋိပက္ခနှင့် လူတန်းစားပဋိပက္ခများ ရောပြွန်းလျက်ရှိနေသည်၊ ဆုံးခန်းတိုင်ခြင်းမရှိပေ။ စစ်အစီအစဉ်ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ အကြီးအကျယ် ဒုက္ခရောက်ကြသည်။ ၎င်းနိုင်ငံတို့သည် ဤ ငွေကြေးအဖွဲ့အစည်းကြီးများထံ ဆက်လက်ပြီးငွေကို ချေးငှားနိုင်ရန်အတွက် ၎င်းတို့တိုင်းပြည်တွင် ပညာရေး၊ကျန်းမာရေး၊လူမှုဖူလုံရေးအသုံးစရိတ်များ လျှော့ချပစ်ရရုံမက လုပ်ငန်းအတော်များများကိုလည်း ပုဂ္ဂလိကပိုင်ပြုလုပ်လိုက်ရသဖြင့် အဓိကနစ်နာသူများမှာ သန်းချီရှိသည့်ပြည်သူများသာဖြစ်သည်။

ကမ္ဘာတွင် လက်တဆုပ်စာမျှသာရှိသည့် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများကလည်း နိုင်ငံတခုစီ၏ အချုပ်အခြာအာဏာကို နင်းခြေလျက်ရှိနေသည်။ ဤ နိုင်ငံတကာကော်ပိုရေးရှင်းကြီးများက ကမ္ဘာ့လက္ခဏာဆောင်သည့်ဈေးကွက်များတွင် အကန့်အသတ်အချုပ်အခြယ်မရှိ ခြယ်လှယ်သွားမည်ဖြစ်သဖြင့် ့အမျိုးသားနိုင်ငံများနှင့် ကမ္ဘာ့အစိတ်အပိုင်းရှိ ဒေသခံစီးပွားရေးများကို ဆက်လက်ပြီး ဖျက်ဆီးသွားလိမ့်မည်။

ယနေ့ ကမ္ဘာ့အရင်းရှင်စနစ်သည် အဆင့်ထစ်တခုသို့ တက်လှမ်းလျက်ရှိနေသည်။သိပ္ပံပညာနှင့်စက်မှုနည်းပညာများ မကြုံစဖူးဖြစ်ထွန်းလာနေမှု တနည်းအားဖြင့် အတတ်ပညာနှင့်နည်းပညာတော်လှန်ရေးဖြစ်နေသည့် အောက်တွင် လူသားထုတရပ်လုံးအတွက် ယဉ်ကျေးမှု အကြီးအကျယ်ထွန်းကားပြောင်းလဲစေသည်။ သို့ရာတွင် လက်ရှိအခြေအနေအောက်မှာပင် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ လူဦးရေ(၆၀)ရာခိုင်နှုန်းသည် စာမတတ်သူများ ဖြစ်နေဆဲပင်ဖြစ်သည်။ ကမ္ဘာ့ဆက်သွယ်ရေးစနစ်အကြီးအကျယ် ဖြစ်ထွန်းတိုးတက်နေသည်။တယ်လီဖုန်းဆက်သွယ်ရေး၊ အင်တာနက်ဆက်သွယ်ရေးမှာ အဆပေါင်းများစွာ တိုးချဲ့ဖြစ်ပေါ်လျက်ရှိသည်။သို့ရာတွင် ဤဆက်သွယ်ရေးနှင့်ဆိုင်သည့် (၇၅)ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးပြီးနောက် တိုင်းသဖြင့် ကမ္ဘာ့ပြည်သူတို့၏ လိုအင်ဆန္ဒကို တစုံတရာအကျိုးပြုနိုင်ခဲ့ပေသည်။ WHO /UN E SCO / UNICEF အစရှိသည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှာ ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာကို အကျိုးပြုအလုပ်အကျွေးပြုနိုင်ခဲ့ပေသည်။ သို့ရာတွင် ယနေ့ အင်အားချိန်ခွင်လျှာ ပြောင်းလဲမှုရှိနေသည့်အပေါ် အင်အားကြီးနိုင်ငံအချို့က ကမ္ဘာ့အရေးအခင်းများ၌ ကမ္ဘာ့ကုလသမဂ္ဂကို ချယ်လှယ်နေကြောင်းတွေ့ရသည်၊ ယူဂိုစလားဗီးယားနိုင်ငံကိစ္စသည် ဤဖြစ်ရပ်ကို မီးမောင်းထိုးလျှက်ရှိသည်။ လုံခြုံရေးကောင်စီတွင် အမြဲတမ်း အဖွဲ့ဝင်(၅)နိုင်ငံအနက် အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်၊ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့က လွှမ်းမိုးနေသည်။

ဤသည်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရာတွင် တဘက်စောင်းနင်းဖြစ်သွားနိုင်သည့် အလားအလာရှိနေပေသည်။လက်ရှိအခြေအနေတွင်ကမ္ဘာ့ကုလသမဂ္ဂကို အင်အားကြီးနိုင်ငံနှင့် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများက ချယ်လှယ်သွားနိုင်သော ကမ္ဘာ့အဆောက်အအုံကြီး ဖြစ်နေသည်။

ယင်းကြောင့် ကုလသမဂ္ဂအား ဒီမိုကရေစီကျကျ ပြုပြင်ပြောင်းလဲနိုင်ရေးတွင် ကမ္ဘာ့ပြည်သူများ၏ အကျိုးစီးပွားကို အဓိကထားသည့် အင်အားစုအား ကိုယ်စားပြုနိုင်သော အခြေအနေမျိုး ရောက်ရှိသွားနိုင်ရန် ပြုပြင်ပြောင်းလဲပစ်ဖို့ လိုအပ်လျက်ရှိပေသည်။

# ဦးဝင်းတင်နှင့် ဒေါ်စမ်းစမ်းနွဲ့ (သာယာဝတီ) လွတ်လပ်သော ရွှေကလောင်ဆုများ ချီးမြှင့်ခံရ

မြန်မာနိုင်ငံ စစ်အကျဉ်းထောင် အတွင်း နှစ်ရှည်ထောင်ဒဏ်များ ကျခံ ရသော သတင်းစာဆရာ၊စာရေး ဆရာ နှစ်ဦးဖြစ်သည့် ဦးဝင်းတင်နှင့် ဒေါ်စမ်းစမ်းနွဲ့(သာယာဝတီ)တို့အား မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်များရရှိရန် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုများကြောင့် ကမ္ဘာ့သတင်းစာများအသင်း (WAN) က ဇွန်လ(၄)ရက်နေ့တွင် လွတ်လပ်သည့် ရွှေကလောင်ဆု (Golden Pen of Freedom Award) ပေးအပ် ချီးမြှင့်လိုက်သည်။



လွတ်လပ်သည့်ရွှေကလောင်ဆု ရရှိခဲ့ကြသည့်
ဆရာကြီး ဦးဝင်းတင်နှင့် ဆရာမ ဒေါ်စမ်းစမ်းနွဲ့ (သာယာဝတီ)

ဦးဝင်းတင်နှင့်ဒေါ်စမ်းစမ်းနွဲ့ (သာယာဝတီ)တို့သည် နအဖစစ်အကျဉ်းထောင်အတွင်း၌ ကျန်းမာရေးအခြေအနေများ ဆိုးရွားလျှက်ရှိပြီး အာဏာပိုင်များက နိုင်ငံရေးမလုပ်တော့ပါဟု ခံဝန်လက်မှတ်ရေးထိုးပါက လွှတ်ပေးမည်ဟု မကြာခဏ ဖိအားပေးပြောဆိုနေခြင်းကို ခံနေရသည်။ သို့သော်လည်း နှစ်ဦးလုံး ထိုကဲ့သို့ပြုလုပ်ရန် အစဉ်အမြဲ ငြင်းဆန်ခဲ့သည်။

ပြီးခဲ့သည့် ဇွန်လ(၄)ရက်နေ့က ဟောင်ကောင်တွင်ပြုလုပ်သော အဆိုပါဆုပေးပွဲအခမ်းအနားတွင် ကမ္ဘာ့အယ်ဒီတာများညီလာခံဥက္ကဌ Ruth De Aquino က ဦးဝင်းတင်နှင့် ဒေါ်စမ်းစမ်းနွဲ့ တို့သည် ပြစ်ဒဏ်ချမှတ်ထားသော နှစ်ကာလများပြည့်သည်အထိ အကျဉ်းထောင်တွင်း၌ ကြံ့ကြံ့ခံရပ်တည်ကာ မြန်မာ့ဒီမိုကရေစီရေး အတွက် ဆက်လက်လုပ်ဆောင်သွားမည့်သူများဟု သိမြင်ယုံကြည်ကြောင်း ပြောဆိုသွားခဲ့သည်။

ထို့ပြင် ဦးဝင်းတင်နှင့် ဒေါ်စမ်းစမ်းနွဲ့တို့ကိုယ်စား လွတ်လပ်သည့် ရွှေကလောင်ဆုကို တက်ရောက်လက်ခံယူခဲ့သူ ပြည်ပရောက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ရုပ်ရှင်သရုပ်ဆောင် ဦးအောင်ကိုက ဦးဝင်းတင်နှင့် ဒေါ်စမ်းစမ်းနွဲ့တို့သည် သူတို့၏ မြင့်မြတ်သောစိတ်ဓာတ်၊ခံယူယုံကြည်ချက်များနှင့် အတွေးအမြင်တို့ကို ဘယ်တော့မှ ပြောင်းလဲကြမည်မဟုတ်ဟု အဆိုပါဆုကို လက်ခံပြီးနောက် ပြောဆိုခဲ့သည်။

" မြန်မာနိုင်ငံမှာ လွတ်လပ်စွာ ဖော်ပြခွင့်ကို ထိန်းချုပ်ထားတယ်လို့ လူတွေက မကြာခဏ ကျနော့်ကိုပြောခဲ့ကြတယ်။ မဟုတ်ဘူး။ လွတ်လပ်ခွင့်ကို ထိန်းချုပ်ထားတာ မဟုတ်ဘူး။ အာဏာနဲ့ အတင်းအဓမ္မ သိမ်းယူထားတာလို့ ကျနော်က ပြောလိုက်တယ်" ဟု ဦးအောင်ကိုက အဆိုပါအခမ်းအနားတွင် ပြောခဲ့သေးသည်။

ယခု ဆုပေးပွဲအခမ်းအနားကို (၅၄)ကြိမ်မြောက် ကမ္ဘာ့သတင်းစာများ ကွန်ဂရက်နှင့် (၈)ကြိမ်မြောက် ကမ္ဘာ့အယ်ဒီတာများ ညီလာခံဖွင့်ပွဲတွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ရာ သတင်းစာထုတ်ဝေသူများ၊ အယ်ဒီတာချုပ်များ၊ အယ်ဒီတာများနှင့် ဧည့်သည်တော်များ စုစုပေါင်း (၁၀၀၀)နီးပါးခန့်တက်ရောက်ကြပြီး (၄)ရက်ကြာ ကျင်းပမည့် အဆိုပါ အစီအစဉ်များထဲတွင် ကမ္ဘာ့ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း နှစ်လည်အစည်းအဝေးလည်း ပါရှိသည်။

လွတ်လပ်သည့်ရွှေကလောင်ဆု ရရှိသူ ဆရာကြီး ဦးဝင်းတင်သည် ဟံသာဝတီနေ့စဉ်သတင်းစာ၏ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဒု-ဥက္ကဌလည်းဖြစ်သည်။ ထို့ပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်တည်ထောင်သူများထဲတွင်လည်း တဦးအပါအဝင်ဖြစ်သည်။ ဦးဝင်းတင်ကို ၁၉၈၉ ခုနှစ်တွင် နအဖစစ်အုပ်စုမှဖမ်းဆီးပြီး ထောင်ဒဏ်(၁၄)နှစ် ချမှတ်ထားခြင်း ခံရသူဖြစ်သည်။

ဒေါ်စမ်းစမ်းနွဲ့(သာယာဝတီ)သည် မြန်မာနိုင်ငံတွင် ၁၉၆၀ ကျော်စနှစ်က ဖွင့်လှစ်သည့် သတင်းထောက်သင်တန်းသို့ တက်ရောက်ခဲ့သော ပထမဦးဆုံးအမျိုးသမီးတဦးဖြစ်သည်။ အသက် (၁၃)နှစ်အရွယ်ကပင် ကဗျာ၊ဝတ္ထုနှင့် သတင်းများရေးသားခဲ့သူဖြစ်ပြီး ဂီတပဒေသာမဂ္ဂဇင်းနှင့် အိပ်မက်ဖူးမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်းစည်းရုံးရေး ကော်မတီဝင်လည်း ဖြစ်သည်။

ဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ)ကို ၁၉၉၄ခုနှစ်တွင် နအဖစစ်ထောက်လှမ်းရေးတို့က ဖမ်းဆီးပြီး နအဖစစ်အုပ်စုအား ဆန့်ကျင်သည့် စာရွက်စာတမ်းများ ရေးသားထုတ်ဝေသည်ဟူသောစွပ်စွဲချက်ဖြင့် ထောင်ဒဏ်(၁၄)နှစ် ချမှတ်ခဲ့သည်။

ယခုအခါ ဦးဝင်းတင်နှင့် ဒေါ်စမ်းစမ်းနွဲ့(သာယာဝတီ)တို့သည် နအဖ



**မြန်မာနိုင်ငံမှာ လွတ်လပ်စွာ ဖော်ပြခွင့်ကို ထိန်းချုပ်ထားတယ်လို့ လူတွေက မကြာခဏ ကျနော့်ကို ပြောခဲ့ကြတယ်။ မဟုတ်ဘူး။ လွတ်လပ်ခွင့် ကို ထိန်းချုပ်ထားတာ မဟုတ်ဘူး။ အာဏာနဲ့ အတင်းအဓမ္မ သိမ်းယူထားတာလို့ ကျနော်က ပြောလိုက်တယ်**

— — — — — — —

**ပြည်ပရောက် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူနှင့် ရုပ်ရှင်သရုပ်ဆောင် ဦးအောင်ကို**

စစ်အကျဉ်းထောင်အတွင်း ပြောမပြနိုင်အောင်ပြင်းထန်သည့် အခြေအနေများနှင့်ရင်ဆိုင်နေရကာ ကျန်းမာရေး အခြေအနေ ဆိုးရွားလျှက်ရှိကြောင်း သိရသည်။

❖

**လွတ်လပ်စွာ ထုတ်ဖော် ရေးသား ပြောဆိုခွင့်သည်**
**လူသားတိုင်း၏ မွေးရာပါ အခွင့်အရေး ဖြစ်သည်**

# စစ်ဖိနပ်အောက်မှ မြန်မာစာနယ်ဇင်းလောက(၁)

cccccccccccccc

**မောင်ဇေသက်နီ**

၁၉၆၂ခုနှစ် မတ်လ(၂)ရက်နေ့။ ထိုနေ့ကို မြန်မာပြည်သူပြည်သားအားလုံး အမှတ်ရနေပေလိမ့်မည်။ ဟုတ်သည်။ သို့ရာတွင် ကောင်းသောအမှတ်ရခြင်းမျိုးတော့မဟုတ်ပေ။ မြန်မာပြည်သူပြည်သားအားလုံးကို ဆင်းရဲတွင်းအရောက်ပို့ပေးခဲ့သည့် ကနဦးနေ့။ ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သော စစ်တပ်မှအာဏာသိမ်းသောနေ့။ အဖွဲ့ဝင်(၁၇)ဦးပါဝင်သော တော်လှန်ရေးကောင်စီကို ဖွဲ့သောနေ့။ ဝန်ကြီးချုပ်ဦးနု အပါအဝင် အစိုးရဝန်ကြီးများနိုင်ငံရေးသမားများ၊တရားစီရင်ရေးနှင့် ဥပဒေပြုပုဂ္ဂိုလ်များ အဖမ်းခံရသောနေ့။ ထိုနေ့ကို မြန်မာပြည်သူပြည်သားများ စိမ်းကားနာကျည်းနေပေတော့မည်။ တကယ်တော့ သွေးစွန်းသောနေ့ သို့တည်းမဟုတ် ရာဇဝင်တွင်ရစ်မည့်နေ့ပင်တည်း။

တော်လှန်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးစောမြင့် (မဆလ ပါတီဖွဲ့သောအခါ ပါတီ၏အထွေထွေအတွင်းရေးမှူးဖြစ်လာသူ)သည် သတင်းနှင့်ပြန်ကြားရေးဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသည်။ ဝန်ကြီးဖြစ်ပြီးသည်နှင့် တပိုင်နက် ဗိုလ်မှူးကြီး စောမြင့်သည် စာနယ်ဇင်းကိုယ်စားလှယ်အဖွဲ့ကို ခေါ်ယူကာ အစိုးရအဖွဲ့သစ်သည် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ဆက်လက်ခွင့်ပြုထားမည်ဟု ကတိကဝတ်ပြုခဲ့၏။ သူပေးသည့် ကတိကို ယုံကြည်ကိုးစားထိုက်ပေ၏လော။

၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီမှ အာဏာမသိမ်းမီ (၄)နှစ်အလို ၁၉၅၈ခုနှစ်တွင် ဝန်ကြီးချုပ်ဦးနုလက်ထဲမှအာဏာကို ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်သော စစ်တပ်မှပင်လွှဲပြောင်းရယူကာ အိမ်စောင့်အစိုးရကို ဖွဲ့စည်းခဲ့ဖူးသည်။ (ဦးနု လက်ထဲမှ အာဏာကို စစ်တပ်မှ လွှဲပြောင်းယူခဲ့သည်)ဟု ကျနော်သုံးနှုန်းထားပါသည်။ အချို့သောပုဂ္ဂိုလ်များက ဦးနု ကိုယ်တိုင် ဗိုလ်နေဝင်းလက်ထဲ အာဏာလွှဲပြောင်းပေးခဲ့သည်ဟု ဆိုနေကြ၏။အဆိုပါပုဂ္ဂိုလ်များနှင့် ငါ့စကား နွားရ အငြင်းမပွားလိုတော့ပါ။ ဒီမိုကရေစီနည်းလမ်းမကျသည့် စစ်တပ်မှ အာဏာသိမ်းမှုမျိုး မြန်မာရာဇဝင်တွင် မရှိစေလို၍ အာဏာလွှဲပြောင်း ပေးအပ်ခဲ့ခြင်းသာ။ သို့သော် အိမ်စောင့်အစိုးရ (တနည်း) ဗိုလ်နေဝင်းလက်ထဲ အာဏာမလွှဲပြောင်းမီကပင် နောင်တနှစ်အကြာ၌ ရွေးကောက်ပွဲ ပြန်လုပ်ပေးရမည်ဟူသော ကတိကဝတ်ကို တောင်းခံခဲ့ပေသည်။ ဗိုလ်နေဝင်းကလည်း သူပေးထားသည့် ကတိအတိုင်း ရွေးကောက်ပွဲကို ပြုလုပ်ပေးခဲ့သည်။ဦးနုပင်အနိုင်ရကာ ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြန်သည်။)

၁၉၅၈ခုနှစ် ဗိုလ်နေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရ လက်ထက်မှာပင် သတင်းစာတိုက်အချို့နှင့် မဂ္ဂဇင်းတိုက်အချို့ အပိတ်ခံခဲ့ရဖူးသည်။ သတင်းစာဆရာအချို့နှင့် စာရေးဆရာအချို့တို့ အဖမ်းခံရသည်လည်း ရှိ၊ ကိုကိုးကျွန်းအပို့ခံရသည်လည်း ရှိခဲ့၏။ထိုအတွေ့အကြုံများကို သတင်းစာဆရာများ၊ စာရေးဆရာများ မမေ့နိုင်ကြသေး။ယခုတဖန် သတင်းနှင့်ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးကြီး စောမြင့်က ကတိကဝတ်တွေ ပြုနေပြန်လေပြီ။ စာနယ်ဇင်းလောကအနေဖြင့် တော်လှန်ရေးကောင်စီနှင့် အစိုးရအဖွဲ့သစ်ကို လက်ခုပ်လက်ဝါးတီး၍ အားပေးရန် ဝန်လေးခဲ့ပေရော့မည်။

အကြောင်းတိုက်ဆိုင်လာ၍ ပြောရပေဦးတော့မည်။၁၉၆၁ခုနှစ်တွင် ဝန်ကြီးချုပ် ဦးနုက စာနယ်ဇင်းဥပဒေကို ပြဌာန်းပေးခဲ့သည်။ ထိုဥပဒေအရ စာနယ်ဇင်းအမှုဆောင်ညီလာခံကို နှစ်စဉ်နှစ်တိုင်း မြန်မာ့ရိုးရာ နှစ်သစ်ကူးအပြီး(ဧပြီလထဲ၌) ကျင်းပရပေမည်။ ထို့ကြောင့် ၁၉၆၂ခုနှစ် ဧပြီလ(၁၆)ရက်နေ့တွင် စာနယ်ဇင်းအမှုဆောင် ညီလာခံကျင်းပမည်ဟု နိုင်ငံနှင့်အဝှမ်း ကြေညာခဲ့၏။ထို စာနယ်ဇင်းအမှုဆောင်ညီလာခံမှနေ၍ စာနယ်ဇင်းကျင့်ဝတ်သိက္ခာနှင့်အညီ စာနယ်ဇင်း လွတ်လပ်ခွင့်ဂုဏ်ကို မြှင့်တင်နိုင်စေရေးအတွက် မြန်မာစာနယ်ဇင်းကောင်စီကို ဖွဲ့စည်းခဲ့သည်။ "ထွန်းနေ့စဉ်" သတင်းစာ အယ်ဒီတာဦးထွန်းဖေကို ဥက္ကဌအဖြစ်၊ "နေးရှင်း"သတင်းစာ အယ်ဒီတာ ဦးလောရုံကို ဒုဥက္ကဌအဖြစ်၊ "ဂါးဒီးယန်း"သတင်းစာ အယ်ဒီတာ ဦးစိန်ဝင်း ကို အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်ခန့်ထားခဲ့ကြသည်။ ထို့အပြင် "စာနယ်ဇင်းဟူသည် လုပ်သားပြည်သူတို့၏ ထင်မြင်ယူဆချက်ကို ရောင်ပြန်ဟပ်နိုင်ရမည်"ဟုလည်း ထုတ်ပြန်ကြေညာခဲ့၏။

၁၉၆၂ခုနှစ် ဧပြီလ(၃၀)ရက်နေ့တွင်ကျင်းပသော တော်လှန်ရေးကောင်စီ၏ စစ်ဗျူဟာမှူးများ ညီလာခံကမူ "မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်သည်"သူတို့၏ ရည်ရွယ်ချက်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ၁၉၆၂ခုနှစ် ဇူလိုင်လ(၄)ရက်နေ့သို့ ရောက်သောအခါ အဖွဲ့ဝင်(၂၀)ဦးပါဝင်သော "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ"ကို ဖွဲ့စည်းခဲ့တော့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ဖွဲ့စည်းပြီး (၃)ရက်အကြာ ၁၉၆၂ခုနှစ် ဇူလိုင်လ(၇)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ ကျောင်းသားအများစုမှာ စစ်တပ်၏ ပစ်ခတ်နှိမ်နင်းမှုကို ခံရရုံသာမက မြန်မာ့လွတ်လပ်ရေးသမိုင်းဝင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အဦးသည်လည်း ဖျက်ဆီးခြင်းခံလိုက်ရတော့သည်။ (ကျောင်းသားသမဂ္ဂဖျက်ဆီးခံရမှုနှင့် ပတ်သက်၍ ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်စိန်လွင်တို့သည် ယနေ့တိုင် တဦးကို တဦး အပြစ်လွှဲချ နေကြတုန်းပင်။) မဆလ စစ်အစိုးရမှနေ၍ ကျောင်းသားများကို လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်မှုနှင့် ကျောင်းသားသမဂ္ဂအဆောက်အဦး ဖျက်ဆီးခံရမှုသတင်းသည် မြန်မာတနိုင်ငံလုံးသို့ ကောက်ရိုးမီးပမာ ပျံ့နှံ့သွားတော့သည်။ အထက်တန်းကျောင်းများနှင့် အလယ်တန်းကျောင်းများကိုလည်း ပိတ်ထားလိုက်၏။ တချိန်ထဲမှာပင် မဆလ စစ်အစိုးရခေါင်းဆောင် ဗိုလ်နေဝင်းကလည်း"ဓါး ဓါးချင်း၊လှံ လှံချင်း"ဟူသည့် ရန့်ရင်းကြမ်းတမ်းသော စကားကိုသုံး၍ မြန်မာပြည်သူလူထုကို စိန်ခေါ်ခဲ့လေသည်။

အသက် ဆုံးရှုံးခဲ့ကြရသော ကျောင်းသားများသည် ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသော ကျောင်းသားများနှင့် သူတို့၏ အဆောင်ဝရန်တာတွင် သွားတိုက်နေကြသော ကျောင်းသားများဖြစ်ကြောင်း ပြည်သူလူထုတရပ်လုံးက သိသလို စာနယ်ဇင်းလောကသားတို့လည်း သိကြပေသည်။ စာနယ်ဇင်းသမားတို့၏ ထုံးစံအတိုင်း ရေငုံနှုတ်ပိတ်မနေနိုင်ရကား ဇူလိုင်(၇)ရက်သတင်းသည် သတင်းစာ စာမျက်နှာများပေါ်ရောက်ကုန်တော့၏။ ထိုကိစ္စနှင့်ပတ်သက်ပြီး သတင်းစာဆရာ (၅)ဦး အဖမ်းခံခဲ့ရလေသည်။ ဤနည်းအားဖြင့် စစ်အစိုးရနှင့် စာနယ်ဇင်းလောကအကြား ပဋိပက္ခတို့ တခုပြီး တခု ဖြစ်ပွားခဲ့တော့သည်။

ထိုအချိန်မှစ၍ နောက်ပိုင်း မဆလ စစ်အစိုးရသည် သူတို့အလိုကျ သတင်းစာများဖြစ်စေရန် ရည်ရွယ်၍ သတင်းထောက်သင်တန်း တခုကို သတင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစီးကျင်းပပေးခဲ့သည်။ ဝန်ကြီး ဗိုလ်မှူးကြီးစောမြင့်ကိုယ်တိုင် အဖွင့်မိန့်ခွန်း ပြောကြားရာ၌ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အသိအမှတ်ပြုမည်ဟူ၍ လည်းကောင်း၊ မိမိရေးသားသည့် သတင်း၊ သတင်းဆောင်းပါးနှင့်ပတ်သက်၍ မိမိကိုယ်မိမိ တာဝန်ယူမှု ရှိရမည်ဟူ၍ လည်းကောင်း ပြောကြားခဲ့၏။ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလသို့ ရောက်သောအခါ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးမှနေ၍ သတင်းစာ၊ဂျာနယ်၊မဂ္ဂဇင်းများအားလုံး မှတ်ပုံတင် ခွင့်ပြုချက်ရပြီးမှသာ ထုတ်ဝေဖြန့်ချိရမည်ဟု အမိန့်ထုတ်တော့သည်။ ထိုမျှသာမကသေး။ သတင်းထောက်၊ သတင်းစာဆရာများသည်လည်း မှတ်ပုံတင် ခွင့်ပြုချက်ရပြီးမှသာ ခရီးသွားခွင့်၊ အစိုးရရုံးများ၊ ဝန်ကြီးဌာနများသို့ သွားရောက် သတင်းယူခွင့်ပြုမည်ဟု

ဆက်လက် ဖော်ပြပါမည်

# ဘိန်းမှောင်ခို ဝေရှုကမ်းနှင့်ပတ်သက်သူ အမေရိကန်ပြည်ထောင်စုသို့ ဝင်ခွင့်ရခဲ့

**South China Morning Post**

မေလ ပထမပတ်အတွင်း အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်းတွင် ကျင်းပပြီးစီးသွားခဲ့သော အာရှဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးသို့ မြန်မာဘိန်းမှောင်ခို အသိုင်းအဝိုင်းနှင့် နီးစပ်သူများ တက်ရောက်သွားခဲ့သည်ဟု South China Morning Post သတင်းစာထဲတွင် ရေးသားထားသည်။



ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း



ယူနီဗာဆယ်ဘဏ်အကြီးအကဲ ဦးတင်စိန်နှင့် မိသားစု

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံဘဏ်တိုက်(၄)ခုမှ အကြီးအကဲ(၄)ဦး တက်ရောက်ခဲ့ရာတွင် မြန်မာယူနီဗာဆယ်ဘဏ်အကြီးအကဲ ဦးတင်စိန်၊ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းတို့ ပါဝင်ကြောင်း၊ ထိုအထဲမှ မြန်မာယူနီဗာဆယ်ဘဏ် အကြီးအကဲ ဦးတင်စိန်သည် အမေရိကန်အစိုးရက ဘိန်းမှောင်ခိုမှုဖြင့် အမေရိကန်ဒေါ်လာ(၂)သန်း ဆုကြေးထုတ်ထားခြင်း ခံရသည့် ဝေရှုကမ်း၏ လုပ်ဖေါ်ကိုင်ဘက်ဖြစ်ကြောင်း၊ ဦးတင်စိန်သည် တရုတ်ကပြားတဦးဖြစ်ပြီး ဗမာစကားမပြောတတ်ကြောင်း South China Morning Post သတင်းစာက ရေးသားထားသည်။

ထို့ပြင် ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း(တာချီလိတ်ဇာတိ)သည် ဗိုလ်ချုပ်ကြီးမောင်အေး၏ မွေးစားသားအဖြစ် နာမည်ကြီးနေသူ ဖြစ်ပြီး နအဖ အကြီးအကဲတဦး၏သမီးနှင့် အိမ်ထောင်ပြုထားသူလည်းဖြစ်ကြောင်း၊ ပက်ပ်စီကိစ္စနှင့်နာမည်ကြီးခဲ့သူ ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းမှာ နအဖအတွင်းရေးမှူး(၁) ဒုဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အလွန်ရင်းနှီးသူဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ဘိန်းမှောင်ခို ဝေရှုကမ်း အပါအဝင် နအဖစစ်အုပ်စုနှင့် နီးစပ်သူများကို အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်ခွင့်ပြုသည့်အပေါ် မေးမြန်းရာ အမေရိကန်အစိုးရ၏ တာဝန်ရှိသူတို့က ထင်မြင်ချက်ပေးရန် ငြင်းဆိုခဲ့ကြောင်းSouth China Morning Post သတင်းစာတွင် ရေးသားထားသည်။

❖

# ဂျပန်အစိုးရ အကူအညီ နအဖစစ်အုပ်စုအတွက် မဟုတ်

ဂျပန်အစိုးရမှ မြန်မာနိုင်ငံကို ပေးအပ်မည့် ငွေကြေးအကူအညီသည် မြန်မာပြည်သူလူထု အကျိုးအတွက်သာ ဖြစ်ပြီး နအဖစစ်အုပ်စုအတွက် မဟုတ်ကြောင်း ဂျပန်နိုင်ငံခြားရေးဌာနအရာရှိတဦးက မေလ(၁၇)ရက်နေ့တွင် ပြောဆိုလိုက်သည်။

ဂျပန်က နအဖစစ်အုပ်စုအား ငွေကြေး ထောက်ပံ့ကူညီမည်ဆိုသော ကိစ္စနှင့်ပတ်သက်ပြီး ပြီးခဲ့သည့် ရက်ပိုင်းက အမေရိကန်အစိုးရမှ ဝေဖန်ပြောကြားခဲ့ခြင်းအပေါ် ယခုကဲ့သို့ တုန့်ပြန်ပြောဆိုလိုက်ခြင်း ဖြစ်သည်ဟုလည်း သတင်းများကဆိုသည်။

“ဂျပန်အစိုးရအကူအညီဟာ ဂျပန်ကုမ္ပဏီတွေအကျိုးအတွက် မဟုတ်ပါဘူး။နအဖစစ်အုပ်စုအတွက်လည်း မဟုတ်ပါဘူး။ မြန်မာလူထုအတွက်သာ ဖြစ်ပါတယ်”ဟု ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမည်မဖေါ်လိုသူအရာရှိတဦးက ပြောဆိုသည်။

ဂျပန်အစိုးရ၏ အကူအညီသည် လောပိတရေအားလျှပ်စစ်စက်ရုံ ပြန်လည်တည်ဆောက်ရန်ဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း(၃၀)နီးပါး ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ကမူ ယခုလို အချိန်တွင် နအဖစစ်အုပ်စုကို ယခုကဲ့သို့အကူအညီမျိုးမပေးသင့်ဟု မေလ(၁၆)ရက်နေ့က ပြောဆိုသည်။

အမည်မဖေါ်လိုသူ ဂျပန်နိုင်ငံခြားရေးအရာရှိကမူ ဂျပန်နိုင်ငံအနေနှင့် အမေရိကန်နှင့်ပုံတူလိုက်လုပ်စရာ မလိုဟု ပြောဆိုပြီးဆွေးမြွေနေပြီဖြစ်သော လောပိတရေကာတာ အုတ်နံရံများ ပြိုကျပါက အနီးရှိကျေးရွာလူထုကို ထိခိုက်နိုင်သဖြင့် ယခု အစီအစဉ်သည် အရေးပေါ်အကူအညီတခုဖြစ်ကြောင်း ပြောဆိုသည်။

လောပိတရေကာတာကို ၁၉၆၀ ခုနှစ်က ဂျပန်၏ အကူအညီဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ယခု ထိုရေကာတာပြန်လည်တည်ဆောက်ရန် ဂျပန်အစိုးရမှကူညီမည့် အရေိကန်ဒေါ်လာသန်း(၃၀)ကို ဂျပန်အစိုးရဝန်ကြီးအဖွဲ့၏ အတည်ပြုချက် ရယူ ရဦးမည်ဖြစ်သည်။ သို့သော်လည်း မည်သည့်အချိန်တွင် အတည်ပြုမည်ဆိုသည်ကို မသိရသေးကြောင်း သိရသည်။

တဖန် အမည်မဖေါ်လိုသူ ဂျပန်နိုင်ငံခြားရေးဌာန အရာရှိက နအဖစစ်အုပ်စုမှ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးနေသည့်အတွက် ယခု အကူအညီကို ဆုအဖြစ်ပေးအပ်ကြောင်း ထပ်မံပြောဆိုသည်ဟု အေအက်ဖ်ပီသတင်းက ရေးသားထားသည်။

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ယခုထိ ထိန်းချုပ်ခံနေရဟု ပြောဆို

၁၉၉၀ပြည့်နှစ်၊ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးသည် အကျဉ်း ထောင်များတွင်လည်းကောင်း၊ နိုင်ငံတော်ဧည့်ဂေဟာဟု နအဖ စစ်အုပ်စုတို့ ပြောဆိုနေသည့်နေရာများတွင်လည်းကောင်း ထိန်းချုပ်ခံနေရကြောင်း နယူးယောက်အခြေစိုက် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ Human Rights Watch က မေလ(၂၇)ရက် ရွေးကောက်ပွဲ (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ထိုကြေညာချက်ထဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ပြန်လွှတ်ပေးရန်တောင်းဆိုထားပြီး တောင်းဆိုထားချက်အတိုင်း ပြန်လွှတ်ပေးမည်ဆိုပါက နအဖစစ်အုပ်စုသည် တိုင်းပြည်တွင်း ဆိုးရွားနေသော လူ့အခွင့်အရေး အခြေအနေများအား တိုးတက်ကောင်းမွန်အောင် လုပ်ရာရောက်လိမ့်မည်ဟု ဆိုသည်။

ထို့ပြင် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်မှန်သောဆွေးနွေးမှုများ ဖြစ်စေချင်ပါက ဒီမိုကရေစီခေါင်းဆောင်များကို လွတ်လွတ်လပ်လပ်နှင့် ယင်းတို့၏သဘောထားအမြင်များကို ထုတ်ဖေါ်ပြသခွင့်ပေးသင့်ကြောင်း လူ့အခွင့်အရေး လေ့လာ စောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။ ဂျပန်နှင့် အာဆီယံနိုင်ငံများကိုလည်း နအဖစစ်အုပ်စုက အခြေခံ လူ့အခွင့်အရေးများတိုးတက်ရန်အတွက် ခိုင်မာသောခြေလှမ်းများမလှမ်းမချင်း မြန်မာနိုင်ငံအား စီးပွားရေးဆိုင်ရာ ကူညီထောက်ပံ့မှုများမပေးရန် တိုက်တွန်းထားသည်ဟု သိရသည်။

နအဖသည် လွန်ခဲ့သည့်နှစ်အောက်တိုဘာလကစပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်ဆွေးနွေးခြင်း၊နိုင်ငံရေးအကျဉ်းသား(၁၀၀)ကျော်အားပြန်လွှတ်ပေးခြင်းတို့ကို ယုံကြည်မှုတည်ဆောက်သည့်လုပ်ရပ်ဟု ပြောဆိုခဲ့ကြောင်း၊ သို့သော်လည်း မည်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုမျှ ပြန်လွှတ်မပေးသေးကြောင်း၊ နိုင်ငံရေးအကျဉ်းသား (၁၀၀)ကျော်သည် အကျဉ်းထောင်များနှင့် ထိန်းသိမ်းရေးစခန်းများတွင် ရှိနေသေးကြောင်း၊ထိုအထဲ၌ ကျောင်းသားများ၊ တိုင်းရင်းသားလူမျိုးယံစုအန္တယ်ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊စာနယ်ဇင်းသမားများ၊ရှေ့နေများ ပါဝင်ကြောင်း လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ကြေညာချက်ထဲတွင် ဖေါ်ပြထားပါသည်။

ယခုထုတ်ပြန်သော အချက်များထဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ဖမ်းဆီးထိန်းသိမ်းထားသည့်နေရာ၊ စွပ်စွဲချက်များ၊ ချမှတ်ထားသော ပြစ်ဒဏ်များ စသဖြင့် အသေးစိပ်အချက်အလက်များကို ဖေါ်ပြထားသည်ဟု သိရသည့်အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းတို့၏ နိုင်ငံရေးအမြင်များကို ငြိမ်းချမ်းစွာ ထုတ်ဖေါ်ပြသခဲ့သည့်အတွက် ယခုကဲ့သို့ ဖမ်းဆီးထိန်းသိမ်းခြင်းခံနေရသည်ဟု မိမိတို့ လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ယုံကြည်ကြောင်းလည်း အဆိုပါကြေညာချက်ထဲတွင် ထည့်သွင်း ဖေါ်ပြထားပါသည်။

❖

# မြန်မာငွေစက္ကူအတုများ နေရာအနှံ့ တွေ့ရှိနေ

**DVB**

ထိုင်းနိုင်ငံ၊မဲဆောက်မြို့အတွင်း မြန်မာငွေစက္ကူအတုများ သိမ်းဆည်းရမိခဲ့ကြောင်း ဒီမိုကရက်တစ် မြန်မာ့အသံက မေလ (၁၇)ရက်နေ့တွင် ပြောဆိုသည်။

ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ ဈေးအတွင်းရှိ အထည်အလိပ်နှင့် ဘိနပ်ပွဲရုံသို့ မေလ(၁၄)ရက်နေ့က မြန်မာနိုင်ငံသားကုန်သည်တဦး မြန်မာကျပ်ငွေ (၁၅)သိန်းဖိုးခန့် ပစ္စည်းများလာရောက်ဝယ်ယူကြောင်း၊ ထိုအထဲမှ ကျပ်ငါးသောင်းမှာ အတုများ ဖြစ်နေကြောင်း သိရသည်။

မဲဆောက်မြို့ရှိ ပွဲရုံပိုင်ရှင်တဦး၏ပြောဆိုချက်အရ ပစ္စည်းများ လာရောက်ဝယ်ယူသူမှာ နအဖ စစ်အုပ်စုအတွင်းရေးမှူး(၁)နှင့် တူတော်စပ်သူ ကုန်သည်လုပ်ငန်းရှင်တဦး၏ တပည့်တဦးဖြစ်ကြောင်း၊ဆွေကြီးမျိုးကြီးထဲကဖြစ်သဖြင့် စိတ်ချယုံကြည်ပြီး ငွေ(၁၅)သိန်းကို ချက်ချင်းမရေတွက်ဘဲ ညပိုင်းကျမှစစ်ဆေးကြည့်ရာ ယခုကဲ့သို့ ကျပ်ငွေ(၁၅)သိန်းဖိုး အတုများပါလာသည်ကို တွေ့ရကြောင်း၊အားလုံးတထောင်ကျပ်တန်များ ဖြစ်ကြောင်း သိရသည်။

အလားတူ ဧပြီလ(၁၆)ရက်နေ့ကလည်း မြဝတီ–မဲဆောက် တံတားအနီးတွင် ဘားအံမြို့ အမှတ်(၆) ရပ်ကွက်နေ ကိုမောင်လှဆိုသူထံမှ မြန်မာကျပ်ငွေ ငါးရာတန်၊တထောင်တန် ငွေစက္ကူအတုများ စုစုပေါင်း(၆၀၀၀၀)ဖိုးခန့်ကို နအဖစစ်ထောက်လှမ်းရေးမှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့အပြင် ဘားအံ၊မော်လမြိုင်၊ ပဲခူး၊ရန်ကုန်တို့တွင် ငါးရာကျပ်တန်နှင့် တထောင်ကျပ်တန်ငွေစက္ကူအတုများကို မကြာခဏတွေ့နေရကြောင်း ဒီမိုကရက်တစ် မြန်မာ့အသံက ပြောဆိုသည်။ ❖



ကုန်ဝယ်ပြေစာ

တောင်သူလယ်သမားများထံမှ ဈေးနှိမ်၍ စပါးဝယ်ခြင်း
စစ်တပ်၊ ရဲနှင့် မဝတ၊ရဝတ၊ကြံ့ခိုင်ရေးပါမကျန်
စပါးတောင်း၊ဆန်တောင်းကြသည့်အပြင်
တောင်သူလယ်သမားများကိုလည်း ပေါ်တာဆွဲ၊နေပူလှန်း၊
အချုပ်ထဲထည့်ကာ နှိပ်စက်ကြသေးသည်။
သို့သော်လည်း ဆန်စပါး အထွက်နှုန်းတိုးတက်ရေးအတွက်မူ
မည်သည့်အကူအညီမျှ ထောက်ပံ့ခြင်းမရှိပေ။
သဘာဝဘေးအန္တရာယ်ကို နှစ်စဉ်ရင်ဆိုင်နေကြရသည့်
တောင်သူလယ်သမားတို့မှာ နအဖစစ်အုပ်စု၏ဒဏ်ကိုလည်း
နှစ်စဉ်ရင်ဆိုင်နေပြန်သည်။
ပုံတွင် ဖေါ်ပြထားသော ပြေစာမှာ စပါးညံ့သည်၊အစိုဓာတ်ပါသည်၊
အဖျင်းအမှော်များသည်ဟု တဘက်သတ်စွပ်စွဲကာ
တောင်သူလယ်သမားများထံမှ လိမ်လည်၍ငွေညှစ်ရာတွင်
အသုံးပြုသော စာရွက်ဖြစ်သည်။

# နိုင်ငံရေး အကျဉ်းသားအချို့အား အင်းစိန်ထောင်အတွင်း ရိုက်နှက်နှိပ်စက်မှု

ဇန်နဝါရီလ(၃)ရက်နေ့က အင်းစိန်ထောင်အတွင်း ထောင် အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသား အချို့အား ရိုက်နှက်ခဲ့ပြီး နယ်ထောင်များသို့ ရွှေ့ပြောင်းပစ်ခဲ့သည်ဟု သိရသည်။

ဖြစ်ပွားပုံမှာ အင်းစိန်ထောင် နံပါတ်(၂)တိုက်တွင်ရှိသော နိုင်ငံရေးအကျဉ်းသားများက ထောင်အာဏာပိုင်များအနေဖြင့် နိုင်ငံရေးအကျဉ်းသားများအား သာမန် ရာဇဝတ်သားများကဲ့သို့မဆက်ဆံရန် တင်ပြခဲ့ကြောင်း၊ သို့သော်လည်း ထောင်အာဏာပိုင်များ က မြန်မာနိုင်ငံအကျဉ်းထောင်များထဲ တွင် နိုင်ငံရေးအကျဉ်းသားမရှိကြောင်း ပြန်ပြောရာမှ နှစ်ဦး နှစ်ဖက်အကြား ပြဿနာစခဲ့ကြောင်း၊ ထိုနေ့ညနေပိုင်းတွင်(၂)တိုက်အတွင်းရှိ နိုင်ငံရေးအကျဉ်းသား(၁၃)ဦးက နိုင်ငံရေးအကျဉ်းသားအခွင့်အရေးများပေးရန် အော်ဟစ်တောင်းဆို ဆန္ဒပြတော့သည်။

ထိုအခါ အကျဉ်းသားအခွင့်အရေးတောင်းဆိုသူများအား ထောင်အာဏာပိုင်များက ခေါင်းစွပ် စွပ်ပြီး ရိုက်နှက်ကာ ညတွင်းချင်း သရက်နှင့်တောင်ငူထောင်များသို့ ပြောင်းရွှေ့ပစ်လိုက်သည်ဟု သိရသည်။

ထောင်အာဏာပိုင်များ၏ ရိုက်နှက်ခံရပြီးထောင်ပြောင်းရွှေ့ခံရသော နိုင်ငံရေးအကျဉ်းသားများထဲတွင် ဘန်ကောက်သံရုံးအပိုင်စီးခဲ့သည့် စွမ်းအားမြင့် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ဝင်ဟူသော စွပ်စွဲချက်ဖြင့် သေဒဏ်ချမှတ်ခံထားရသော စောတင်ဦး၊မြောက်ဥက္ကလာပ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုအောင်သန်းနှင့် တောင်ဥက္ကလာပအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ဦးသန်းအေးတို့လည်း ပါဝင်သည်။

# လေးလေးနက်နက် အထိမ်းအမှတ်ပြုလိုက်ပါတယ်

ဝင်းတင့်ထွန်း



သခင် ခင်အောင်(သာယာဝတီ)




**အထင်ကရ မှတ်တိုင်တခု ဖြစ်ခဲ့တဲ့ တို့ဗမာအစည်းအရုံးကြီးကို (၃၀၊၅၊၁၉၃၀)နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ စတင်ဖွဲ့စည်းပြီး နှစ်အနည်းငယ်အတွင်းမှာပဲ တပြည်လုံးက တိုင်းချစ် ပြည်ချစ် မျိုးချစ်စိတ်ဓါတ်ရှိသူ၊ ဗြိတိသျှ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်ရှိသူ အပေါင်းဟာ တို့ဗမာအစည်းရုံးကြီးထဲ တက်တက် ကြွကြွ ဝင်ရောက်လာကြပြီး "သခင်"အမည်ကို ရဲရဲရင့်ရင့်ခံယူလာကြပါတယ်။ ၁၉၃၄ခုနှစ်မှာ သာယာဝတီ၊ သုံး ဆယ်စီရင်စုကနေ အာဇာနည်ခေါင်းဆောင်ကြီးတဦးဖြစ်တဲ့ သခင်မြနဲ့အတူ သခင် ခင်အောင်ဟာ တို့ဗမာအစည်းအရုံးဝင် ဖြစ်လာခဲ့ပါတယ်။ ၂၉၊ ၆၊ ၁၉၃၆နေ့မှာ မြင်းခြံမြို့ ကိုးဆောင်တန်ဆောင်းမှာကျင်းပတဲ့ ဒုတိယအကြိမ်မြောက် သခင်ညီလာခံကြီးကနေ ရွေးကောက်တင်မြှောက်လိုက်တဲ့ "ဗမာနိုင်ငံလုံးဆိုင်ရာအမှုဆောင်အဖွဲ့" မှာ သခင်မြနဲ့အတူ သခင် ခင်အောင်လဲ ရွေးကောက်ခံခဲ့ရပါတယ်။**

## (၁)

### သခင် ခင်အောင်(သာယာဝတီ) အသက်(၈၉)နှစ်

သတင်းစာရဲ့ နောက်ဆုံး စာမျက်နှာ နာရေး ကြော်ငြာတွေကြားထဲမှာ အန်ကယ်ကြီးရဲ့နာမည်ကို အမှတ်မထင်ဖတ်လိုက်ရပေမယ့် နှလုံးသားကတော့ မှတ်မှတ်ထင်ထင်ကိုပဲ လှုပ်ရှားလာပါတယ်။

သာမန် သေဆုံးသွားကြရှာသူတွေရဲ့ သာမန်နာရေးသတင်း ကြော်ငြာတွေကြားထဲမှာ အန်ကယ်ကြီး သခင် ခင်အောင်ရဲ့နာရေးသတင်းဟာလဲ သာမန် မှိန်မှိန်ပျပျပါပဲ။

သမိုင်းတန်ဖိုး ထားရကောင်းမှန်း မသိသူတွေရဲ့ အုပ်စိုးမှုအောက်မှာ၊ သမိုင်းမှန်တွေကိုတောင်မှ ဖျောက်ဖျက်ပစ်ဖို့ကြိုးစားနေကြသူတွေရဲ့ အုပ်စိုးမှုအောက်မှာ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတယောက်ရဲ့ သေဆုံးကွယ်လွန်သွားမှုသတင်းဟာ စိတ်ထိခိုက်စရာကောင်းလောက်အောင်ကိုပဲ ညှိုးမှိန်ခြောက်သွေ့လွန်းလှပါကလား။

ဒီလို အခြေအနေမျိုးမှာ သခင်ခင်အောင်လို သမိုင်းဝင်ပုဂ္ဂိုလ်တယောက်ရဲ့ အကြောင်းကို ဖွင့်လှစ်ဖေါ်ပြနိုင်ဖို့ တာဝန်ဟာ ကျနော့်ပခုံးပေါ်ကျရောက်လာသလိုလဲ ခံစားလိုက်ရပါတယ်။ဘာကြောင့်လဲ ။

## (၂)

စစ်အာဏာရှင် ဗိုလ်နေဝင်းဟာ ဗမာပြည်တပြည်လုံးကို စစ်အာဏာရှင်စနစ်ဆိုးရဲ့အောက်မှာ ဆွဲသွင်းဖို့ ၁၉၆၂မတ်လ(၂)ရက်နေ့မှာ အာဏာသိမ်းပြီးတက်လာပါတယ်။ ၁၉၆၄ခုနှစ်မှာ အမျိုးသားစည်းလုံးညီညွတ်မှုကို ကာကွယ်ဖို့ဆိုပြီး နိုင်ငံရေးပါတီ အဖွဲ့အစည်းအားလုံးကို တစမချန် ဖျက်သိမ်းပစ်ခဲ့ပါတယ်။ ဖျက်သိမ်းခံလိုက်ရတဲ့ နိုင်ငံရေးပါတီတွေထဲမှာ ပြည်သူ့တိုးတက်ရေးပါတီ ပါခဲ့ပါတယ်။ပြည်သူ့တိုးတက်ရေးပါတီဟာ အတိုက်အခံနိုင်ငံရေးအင်အားစုကြီးဖြစ်တဲ့ **ပမညတ**ထဲက နိုင်ငံရေးဂုဏ်သိက္ခာရှိတဲ့ပါတီစစ်စစ်တခုဖြစ်ခဲ့ပါတယ်။ဆရာ မြသန်းတင့်၊ ဆရာ သခင်မြသန်းတို့ဟာ ပြည်သူ့တိုးတက်ရေးပါတီရဲ့ ဗဟိုကော်မတီဝင်တွေအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြဖူးပါတယ်။

နိုင်ငံရေးပါတီတွေကို မတရားသဖြင့် ဖျက်သိမ်းပစ်တဲ့အခါမှာ ပြည်သူ့တိုးတက်ရေးပါတီဥက္ကဌ သခင်ခင်အောင်၊အတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့်တကွ ပါတီ ဗဟိုကော်မတီဝင်အားလုံးနီးပါးဟာ ထောင်ထဲရောက်နေခဲ့ကြရပါပြီ။ ပြည်တွင်းစစ်ရပ်စဲရေး ၊ပြည်တွင်းငြိမ်းချမ်းရေးအတွက် တက်တက် ကြွကြွ ရှေ့ဆောင်ပါဝင်လှုပ်ရှားခဲ့ကြလို့၁၉၆၃ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အပျက်မှာကတည်းက ဖမ်းဆီးထိမ်းသိမ်းထောင်ချထားခြင်း ခံနေကြရတာကြာပါပြီ။

နောက်ပိုင်းမှာ သခင် ခင်အောင်ရော၊ ဦးခင်မောင်မြင့်ပါ ကိုကိုးကျွန်းအထိ အပို့ခံလိုက်ကြရပါတော့တယ်။

ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့အကျိုးဆက် နိုင်ငံရေးပါတီတွေပေါ်ထွက်လာတဲ့အခါ သမိုင်းရေးလိုအပ်ချက်ကို တကွက်တနေရာက ဖြည့်ဆည်းနိုင်ဖို့ ပြည်သူ့တိုးတက်ရေးပါတီဆိုတဲ့နာမည်ဟာ တကျော့ပြန် ရှင်သန်ထမြောက် လာရပြန်ပါတယ်။

ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံရေး ကျင့်ဝတ်နီတိအရ ပြည်သူ့တိုးတက်ရေးပါတီရဲ့နောက်ဆုံးဥက္ကဌဖြစ်ခဲ့တဲ့ အန်ကယ်ကြီး သခင်ခင်အောင်ကို နောက်ဆုံး အတွင်းရေးမှူးဖြစ်ခဲ့တဲ့ ဦးခင်မောင်မြင့်က တရားဝင် ညှိနှိုင်းတိုင်ပင်ပြီး ပြည်သူ့တိုးတက်ရေးပါတီ အသစ်တဖန် ပြန်လည်ဖွဲ့စည်းဖို့ ပြင်ဆင်ကြတဲ့အခါ သခင်ခင်အောင်ဟာ ဒီ/ငြိမ်းအဖွဲ့ကြီးထဲရောက်ရှိနေတာ ရှစ်လေးလုံးရေးတော်ပုံကြီးရဲ့ နောက်ဆုံးနေ့ရက်တွေကတည်းက ဖြစ်နေခဲ့ပါပြီ။ ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ နောက်ဆုံးကာလပိုင်းမှာ ဦးနုခေါင်းဆောင်တဲ့ ဒီ/ငြိမ်းအဖွဲ့ကြီး ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီတုန်းက ကနဦး ဒီ/ငြိမ်း အဖွဲ့ကြီးထဲမှာ သခင်ခင်အောင်လို ဝါရင့်သဘာရင့် ခေါင်းဆောင်ကြီးတွေ ပါဝင်ခဲ့ကြသလို၊ယခု အင်န်အယ်လ်ဒီဒုဥက္ကဌ ဗိုလ်ချုပ်ကြီးဟောင်းတင်ဦးတို့လဲ ပါဝင်ခဲ့ကြပါတယ်။

ဦးခင်မောင်မြင့်က အဓိက တာဝန်ခံပြီး ပြည်သူ့တိုးတက်ရေးပါတီ ဖွဲ့စည်းဖို့ ပြင်ဆင်တဲ့အခါမှာ ဒီ/ငြိမ်းအဖွဲ့ထဲ ရောက်ရှိနေပြီးဖြစ်တဲ့ သခင် ခင်အောင်က

"ကိုခင်မောင်မြင့် ခင်ဗျား ခေါင်းဆောင်ပြီး ပြည်သူ့တိုးတက်ရေးပါတီ ပြန်ဖေါ်မှာ ကျနော်ကျေနပ်တယ်၊ ဝမ်းသာတယ်၊ကျနော်ကတော့ ဒီ/ငြိမ်း ထဲပါနေတော့ ကျနော့်အပေါ်နားလည်ပါ၊ ဘယ်မှာရောက်နေနေ ကျနော်တို့ ခင်ဗျားတို့ဟာ အတူတူပါဘဲဗျာ" လို့ ခံစားမှုအပြည့်နဲ့ ပြန်ဖြေခဲ့ပါတယ်။

ဦးလေးဦးခင်မောင်မြင့်က ဥက္ကဌအဖြစ်တာဝန်ခံပြီး၊ ပြည်သူ့တိုးတက်ရေးပါတီ ပြန်လည်ပေါ်ထွန်းလာတော့ ကျနော်ဟာ ပြည်သူ့တိုးတက်ရေးပါတီရဲ့ အတွင်းရေးမှူးအဖွဲ့ဝင်တယောက်ဖြစ်လာခဲ့ပါတယ်။(၁၉၆၀–၆၁)ကာလတွေရဲ့ တကသ၊ဗကသ၊ကျောင်းသားခေါင်းဆောင်တဦးဖြစ်ခဲ့တဲ့ ကိုလှရွှေက အထွေထွေအတွင်းရေးမှူး တာဝန်ယူခဲ့ပြီး၊ ကျောင်းသားညီညွတ်ရေးတပ်ဦးဥက္ကဌဖြစ်ခဲ့တဲ့ ဦးညိုဝင်းက တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)၊ဗကသခေါင်းဆောင်ဟောင်း မြင်းခြံဦးအောင်သူက တွဲဖက်အထွေထွေ အတွင်းရေးမှူး(၂)ဖြစ်ခဲ့ပါတယ်။

ပြည်သူ့တိုးတက်ရေးပါတီရဲ့ ဥက္ကဌဟောင်း သခင်ခင်အောင်အတွက် ၊ပြည်သူ့တိုးတက်ရေးပါတီရဲ့ အတွင်းရေးမှူး အဖွဲ့ဝင်တယောက်ဖြစ်ခဲ့တဲ့ ကျနော်ဟာကျနော်သိသမျှ သခင်ခင်အောင်အကြောင်း သွန်းလောင်း ပုံဖေါ်ပြရမယ့်တာဝန် ကျနော့်ပခုံးပေါ် ရောက်လာနေသလို ခံစားမိရင်း....

## (၃)

ဗမာပြည် နိုင်ငံရေးလှုပ်ရှားမှုသမိုင်းမှာ အထင်ကရ မှတ်တိုင်တခု ဖြစ်ခဲ့တဲ့ တို့ဗမာအစည်းအရုံးကြီးကို (၃၀၊၅၊၁၉၃၀)နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ စတင်ဖွဲ့စည်းပြီး နှစ်အနည်းငယ်အတွင်းမှာပဲ တပြည်လုံးက တိုင်းချစ် ပြည်ချစ် မျိုးချစ်စိတ်ဓါတ်ရှိသူ၊ ဗြိတိသျှ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်ရှိသူ အပေါင်းဟာ တို့ဗမာအစည်းရုံးကြီးထဲ တက်တက်ကြွကြွ ဝင်ရောက်လာကြပြီး "သခင်" အမည်ကို ရဲရဲရင့်ရင့်ခံယူလာကြပါတယ်။

၁၉၃၄ခုနှစ်မှာ သာယာဝတီ၊ သုံးဆယ်စီရင်စုကနေ အာဇာနည်ခေါင်းဆောင်ကြီးတဦးဖြစ်တဲ့ သခင်မြနဲ့အတူ သခင် ခင်အောင်ဟာ တို့ဗမာအစည်းအရုံးဝင် ဖြစ်လာခဲ့ပါတယ်။

၂၉၊ ၆၊ ၁၉၃၆နေ့မှာ မြင်းခြံမြို့ ကိုးဆောင်တန်ဆောင်းမှာ ကျင်းပတဲ့ ဒုတိယအကြိမ်မြောက် သခင်ညီလာခံကြီးကနေ ရွေးကောက်တင်မြှောက်လိုက်တဲ့"ဗမာနိုင်ငံလုံးဆိုင်ရာအမှုဆောင်အဖွဲ့"မှာ သခင်မြနဲ့အတူ သခင် ခင်အောင်လဲ ရွေးကောက်ခံခဲ့ရပါတယ်။

၂၂၊၃၊၃၈နေ့ ပြည်မြို့မှာ ကျင်းပတဲ့ တတိယအကြိမ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ညီလာခံကနေ ဆရာကြီး သခင်ကိုယ်တော်မှိုင်း နာယက၊ ဥက္ကဌ သခင်သိန်းမောင်နဲ့ ဖွဲ့စည်းလိုက်တဲ့ တို့ဗမာအစည်းအရုံး"ဌာနချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့"စာရင်းမှာလဲ သခင်မြနဲ့အတူ သခင်ခင်အောင် ရွေးချယ်တင်မြှောက်ခံခဲ့ရပါတယ်။

၁၉၃၈၊စက်တင်ဘာလမှာ ဥက္ကဌ သခင်သိန်းမောင်က သခင်ဗစိန်ကို ထုတ်ပယ်ပစ်ခြင်းကြောင့် ဖြစ်ပေါ်လာရတဲ့ တို့ဗမာအစည်းအရုံးဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ အကွဲအပြဲမှာ နှစ်ဖက်စလုံးရဲ့ သဘောတူ မေတ္တာရပ်ခံချက်အရ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက သဘာပတိလုပ်ပြီး ဌာနချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းပေးတဲ့အခါမှာလဲ ဥက္ကဌ သခင်ထိပ်တင်ကိုယ်တော်ကြီးဖြစ်လာပြီး ဝါဒဖြန့်ချိရေးဌာနအတွက် သခင် ခင်အောင်၊သခင်နု၊ သခင်အောင်ဆန်းတို့ ဖြစ်လာခဲ့ပါတယ်။ သခင်မြဟာ စာရင်းစစ်ဖြစ်လာပါတယ်။

၃၀၊၁၁၊၃၈နေ့မှာ ချောက်ရေနံမြေ အလုပ်သမားသပိတ်တပ်ကြီး ရန်ကုန်အရောက်ခြေလျင် စတင်ချီတက်လာခဲ့ပါတယ်။ ၃၁၊၁၂၊၃၈နေ့ လက်ပံတန်းကနေ သာယာဝတီ အဝင်မှာ ဂုံမင်းမြောင်ရွာထိပ် အဝင်ကနေ သာယာဝတီ ဩော့ခံကြိုဆိုရေးအဖွဲ့ဝင် သခင်ခင်အောင်က ကြိုဆိုခဲ့ပါတယ်။

သပိတ်တပ်ပေါင်းစုံ ရန်ကုန်ရောက်လာပြီးနောက်၊ သပိတ်ပေါင်းစုံညီလာခံကြီးကို ရွှေတိဂုံအလယ်ပစ္စယံမှာကျင်းပပါတယ်။၁၃၀၀ပြည့် အရေးတော်ပုံအစည်းအဝေးကြီး ကျင်းပပြီး လူထု လူတန်းစားအဖွဲ့အစည်းကြီးတွေ ဖွဲ့စည်းပါတယ်။

၉၊၁၊၃၉နေ့မှာ ပထမဆုံးသော "ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး"ကြီးကို ဖွဲ့စည်းတဲ့အခါ၊ဥက္ကဌသခင်မြ ဖြစ်လာပါတယ်။ ဌာနချုပ်အလုပ်အမှုဆောင် အဖွဲ့ဝင်တွေအဖြစ် သခင်သန်းထွန်း၊သခင် အောင်ဆန်းတို့နဲ့အတူ သခင် ခင်အောင်လဲ ပါခဲ့ပါတယ်။

၇၊၄၊၃၉နေ့ကနေ ၁၀၊၄၊၃၉နေ့အထိ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကြီးမှူးကျင်းပတဲ့ မော်လမြိုင်မှာ ကျင်းပတဲ့ စတုတ္ထအကြိမ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာတို့ဗမာအစည်းအရုံး ညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်တဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် (၁၇)ဦးမှာ သခင်မြ၊ သခင်နု၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုးတို့နဲ့အတူ သခင် ခင်အောင် ပါခဲ့ပါတယ်။ဌာနချုပ်အလုပ်အမှုဆောင်ဖွဲ့တဲ့အခါ ဥက္ကဌ သခင် လှဘော်၊ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း၊အလုပ်သမားဌာနမှူးသခင်စိုး၊လယ်သမားဌာနမှူး သခင်ခင်အောင် ဖြစ်ခဲ့ပါတယ်။ ဘဏ္ဍာရေးမှူးက သခင်နုဖြစ်ခဲ့ပြီး ၊စည်းရုံးရေးမှူးက သခင် လှဖေ(ဗိုလ်လက်ျာ)၊ ဖြစ်ခဲ့ပါတယ်။

၂၉၊၃၊၄၀နေ့မှာ အိန္ဒိယနိုင်ငံ အလယ်ပိုင်း ရမ်းဂါးမြို့မှာ ကျင်းပတဲ့ အိန္ဒိယကွန်ဂရက်ညီလာခံမှာ ကွန်ဂရက်ခေါင်းဆောင်နေရူးရဲ့ ဖိတ်ကြားချက်အရ ၊ဗမာပြည်ကတက်ရောက်ခဲ့ကြတဲ့ တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်(၆)ဦးထဲမှာ သခင် ခင်အောင် ပါခဲ့ပါတယ်။ ရမ်းဂါးညီလာခံ တက်ခဲ့ကြတဲ့ ကိုယ်စားလှယ်(၆)ဦးကတော့ သခင် တင်မောင်(ပန်းတနော်)၊ သခင်သန်းထွန်း၊ သခင်အောင်ဆန်း၊ သခင်ခင်အောင်၊ သခင်အုန်းမြင့်၊ သခင် အုန်းဖေ(ဝါးခယ်မ)တို့ဖြစ်ပါတယ်။ နေရူးကြီးနဲ့ဆွေးနွေးခဲ့ကြရုံမက ၂၄၊၄၀ နေ့မှာ လာဟိုမြို့ကွန်ဂရက်က ကြီးမှူးတဲ့ တရားပွဲကိုလဲ တက်ခဲ့ကြပါတယ်။

၁၉၄၀ပြည့်၊မေလ(၁၁၊၁၂၊၁၃)ရက် သာယာဝတီ၊သုံးဆယ်မှာ ကျင်းပတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကြီးမှူးတဲ့ ပဉ္စမအကြိမ်မြောက် သခင်ညီလာခံကြီးမှာလဲ သခင် ခင်အောင် ပါဝင်ခဲ့ပါတယ်။သခင် ခင်အောင် အလုပ်အမှုဆောင်အဖွဲ့ဝင် ဖြစ်ခဲ့ပါတယ်။ဥက္ကဌ သခင် လေးမောင် ဖြစ်လာပါတယ်။

၁၉၄၀၊ဇူလိုင်လ တတိယပတ်အတွင်းမှာ တကသ အဆောက်အဦးထဲမှာ တို့ဗမာအစည်းအရုံးဌာနချုပ် ခေါင်းဆောင်တွေနဲ့ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေ လျှို့ဝှက် ဆွေးနွေးခဲ့ကြပါတယ်။ဌာနချုပ် ခေါင်းဆောင်တွေဖြစ်တဲ့ သခင် အောင်ဆန်း၊ သခင် စိုး၊ သခင်လှဖေ(ဗိုလ်လက်ျာ)၊သခင် ခင်အောင်၊သခင်ကျော်စိန်နဲ့ ကျောင်းသားသမဂ္ဂမှ သခင် ဗဟိန်း၊ကိုဗဆွေ၊ကိုထွန်းအုပ်၊ ကိုလှမောင်(ဗိုလ်ဇေယျ)၊ မစ္စတာ ဂိုရှယ်တို့ ဆွေးနွေးကြပါတယ်။ဗြိတိသျှ အစိုး

ဆက်လက် ဖော်ပြပါမည်

ပြောပြပါရစေ

# နှစ်လုံးတိုက်တော့ ချဲထီ သုံးလုံးတိုက်တော့ မြန်မာထီ

ထိုင်းနိုင်ငံမှတရားဝင်ဖွင့်လှစ်သော ထိုင်းဘတ်ငွေသိန်း(၃၀)ထီဂဏန်း၏ နောက်ဆုံး(၃)လုံးကိုယူပြီး မြန်မာနိုင်ငံအတွင်းတရားမဝင်လောင်းကစားနည်းကို ''ချဲထီ''ဟုခေါ်၏။ တနည်း ''သုံးလုံးတိုက်'' ဟုလည်း ခေါ်သည်။

မြန်မာနိုင်ငံအတွင်း တရားဝင်ဖွင့်လှစ်ရောင်းချသော မြန်မာကျပ်ငွေသိန်း(၅၀)ဆုကြီးဂဏန်းမှ နောက်ဆုံး(၂)လုံးကိုယူပြီး တရားမဝင် လောင်းကစားနည်းကို ''နှစ်လုံးတိုက်'' ဟု ခေါ်သည်။

ချဲထီ(၃)လုံးတိုက်က လစဉ်(၁၆)ရက်နှင့်လဆန်း(၁)ရက်နေ့တွင် ထီဖွင့်သည့်အတွက် တလလျှင်(၂)ကြိမ် လောင်းကစားနိုင်ပြီး မြန်မာထီ နှစ်လုံးတိုက်က လဆန်း (၃)ရက်မှ(၉)ရက်နေ့အထိထီဖွင့်သည့်အတွက် တလလျှင် (၇)ရက် အလောင်းအစားလုပ်နိုင်သည်။

ထို့ကြောင့်လည်း နဝတ၊နအဖ ခေတ် မြန်မာနိုင်ငံအတွင်း တရားမဝင် လောင်းကစားမှုပြုကြသော အဆိုပါ သုံးလုံးတိုက်နှင့် နှစ်လုံးတိုက်ထီ ကစားပွဲများက တအုန်းအုန်းတရုန်းရုန်းနှင့် ပွဲတော်ကြီးသဖွယ်ဖြစ်နေသည်။

တနည်းဆိုသော် သုံးလုံးတိုက် (ချဲထီ)ပေါက်လျှင် အဆ(၅၀၀)ရသည်။ မြန်မာငွေ(၁)ကျပ်ဖိုးထိုးပါက မြန်မာငွေ (၅၀၀)ကျပ်ရသည်။ လူတဦးအနည်းဆုံးအကွက်အားဖြင့် (၂၀–၃၀)ထိုးကြပြီး တကွက်လျှင်အနည်းဆုံး (၂၅)ကျပ်ဖိုး ကစားကြ၏။ တချို့ဆိုလျှင် ရာကွက်၊ထောင်ကွက် သောင်းကွက်များအထိပင် အလောင်းအစားပြုကြသည်ကို မြင်တွေ့ရသည်။

နှစ်လုံးတိုက် (မြန်မာထီ)ကတော့ အဆ(၈၀)သာပေးသည်။ တနည်းဆိုသော် မြန်မာငွေ(၁)ကျပ်ဖိုး ထိုးလျှင် မြန်မာငွေ(၈၀)ကျပ်ရသည်။ ထို နှစ်လုံးတိုက်(မြန်မာထီ)ဆိုလည်း ၂၅ကျပ်ကွက်မှ ရာကွက်၊ထောင်ကွက် သောင်းကွက်အထိ ထိုးကြသူတွေ အများအပြားရှိသည်။

တရားမဝင်သောလောင်းကစားနည်းဖြစ်သော်လည်း ဒိုင်ကိုင်သူများက တရားဝင်သည့် သက်ဆိုင်ရာမြို့နယ်အလိုက် အာဏာပိုင်များနှင့် ပေါင်းသင်းကာ ပုလင်းတူဖူးဆို့ လုပ်ကိုင်နေသဖြင့် တရားဝင်နေသည်ဟု ယူဆရသော တရားမဝင်လောင်းကစားနည်း ဖြစ်လာတော့သည်။

ထို(နှစ်လုံးတိုက်) သုံးလုံးတိုက် လောင်းကစားဒိုင်များမှ သက်ဆိုင်ရာ မဝတ၊ရဲမှူး၊ စစ်ထောက်လှမ်းရေး၊ ရဲစခန်းများနှင့်နယ်ထိန်းများအား လခနှင့်လာဘ်ငွေပေးရသည့်အပြင် တဦးချင်းသို့လည်း အရက်၊စားစရာမှအစ အိမ်သုံးပစ္စည်းအဆုံး လာဘ်တော်ဆက်သကြရသည်။ဥပဒေ ဘက်တော်သားများကို လာဘ်လာဘက နှောင့်ယှက်ပြီး လာဘ်လာဘပေးကမ်းသူ လောင်းကစားဒိုင်များကို အနို ဥပဒေဘက်တော်သားတို့က ပြန်လည်စောင့်ရှောက်နေကြခြင်းပင်တည်း။ထို့ကြောင့်ပင် အဆိုပါ လောင်းကစားလုပ်ငန်းတို့ လမ်းဘေးဈေးရောင်းသလို လွတ်လပ်စွာ ထင်တိုင်းကြဲ လာကြခြင်းဖြစ်သည်။

တရားမဝင်သောလောင်းကစားနည်းဖြစ်သဖြင့် ဖမ်းဆီးအရေးယူမှုများ မရှိဘူးလားဟု မေးကြလိမ့်မည်။ ရှိပါသည်ဟုပင် ပြန်ဖြေရပေမည်။ သို့သော်လည်း ရဲဘက် နယ်ထိန်းလောက်ကိုသာပေးကမ်းနိုင်သော ဒိုင်ငယ်များသာ အဖမ်းခံကြရပြီး ငွေကြေး သိန်းပေါင်းများစွာကိုင်ထားပြီး ကစားသော ဒိုင်ကြီးများမှာ အဖမ်းမခံကြရပေ။ အကြောင်းဆိုရသော် ဒိုင်ကြီးများနှင့် ပုလင်းတူဖူးဆို့ မြို့နယ်အဆင့် သက်ဆိုင်ရာတို့က တိုင်းအဆင့်မှလျှပ်တပြက် ဝင်ဖမ်းမည်ဟူသောသတင်းကို ဆက်သွယ် အကြောင်းကြားထားသောကြောင့်ပင်။

စစ်အာဏာရှင်လက်အောက် စီးပွားရေး မွန်းကျပ်ပိတ်လှောင်မှုအား ထွက်ပေါက်ဟုမြင်ကာ စိတ်ဝင်စားကြသူတွေများလာသည်။ရှိသမျှ ပေါင်တန်ပေါင်၊ ရောင်းတန်ရောင်း၊ ချေးငှားနှင့် နောက်ဆုံး လိမ်လည်မှုများပင် ပေါ်လာသည်။ ပြည်သူလူထုအတွက်ဖြင့် (သုံးလုံးတိုက်)က ''ဖွတ်သုံးကောင်'' (နှစ်လုံးတိုက်)က ''ဖွတ်လင်မယား'' ဟု ပြောရတော့မည် ဖြစ်သည်။

ထို လောင်းကစားနည်းသည် မွဲသည့်လူများအား ပြာကျစေရုံနှင့် မပြီးသေး၊ လူ၏ အမြင်အတွေးအသိကိုပါ ယိမ်းယိုင်ကာ လွဲမှားသောအယူအဆအပေါ် ပြိုကျသွားအောင် စွမ်းဆောင်လိုက်ကြသေးသည်။ သာဓကဆောင်ရလျှင် ''ဘယ်ဘုန်း ကြီးက ဂဏန်း(၂)လုံးပေးတယ်....(၁)လုံး အမှန် ပေးနေပြီ''ဟုတမျိုး၊ဘယ် ဘိုးတော်ကဖြင့် ရှေ့ထိပ်စည်း၊အလယ်ထိုင်၊ နောက်ဆုံး တလုံးပေးတယ် စသည်ဖြင့်တဖုံနှင့် မည်မျှဝေးဝေး ဂဏန်းတောင်းသွားကြသူတို့များလာသည်။ထို့ပြင် တွက်ချက်နိုင်သောသင်္ချာပညာရှင်တို့က ပေါ်လာသောအခါ ''ချိုင်း''ဟုခေါ်သော စာရွက်ကို အလုအယက်ဝယ်ကြပြန်သည်။ စားပေါက်ထွင်သူတို့ကလည်း ဖေါ်တတ်ပြန်ပါပေ့။ ဒီကြားထဲ အတိတ်၊နိမိတ်၊ အိပ်မက်နှင့် အတိတ်စိမ်းဆိုသောအသံတွေကလည်း ညံမှညံ။

သို့ဖြင့် တိုက်ဆိုင်ကာ ပေါက်ပြီဆိုပါစို့။ဒိုင် အဖမ်းခံသွားရပြီဟု အသံလွှင့်ပြီး မလျော်ကြပြန်။ မဟုတ်ပါ။ မလျော်ချင်သဖြင့် မလျော်နိုင်ကြ၍ ရဲနှင့်ပေါင်းကာအဖမ်းပြုပြီး တရားဝင်ရိုက်စားလုပ်ကြခြင်းဖြစ်သည်။ သိန်းနှင့်ချီပြီးလျော်ကြရတော့မည်ဆိုပါက ထိုနည်းလည်းကောင်းကိုပင် ဒိုင်များ သုံးကြ၏။

မြန်မာပြည်တွင်းမှ လူထုတို့ကား စစ်အာဏာရှင်လက်အောက်တွင်အစစမွန်းကျပ်ပိတ်လှောင်နေမှုကို ခါးစည်းတွန်းလှန်ရင်း အဆိုပါ လောင်းကစားနည်းကိုတံလှပ်ရေထင်ဖြစ်ကြရာ နူရာဝဲစွဲ လဲရာသူခိုးထောင်းကိန်း ဆိုက်ကြရတော့သည်။

လူထုအခြေအနေ ဤသို့ ဆိုးဝါးနေသော်လည်း နအဖစစ်အုပ်စုကမူ လူထုကိုအာရုံမစိုက်။ ဂရုမပြု။ လူထုကယင်းတို့အား အာရုံစိုက်ပြီး၊ ဂရုပြုလာမည်ကိုသာ အလွန်အမင်း စိုးရိမ်နေသည်။ ထို့ကြောင့်ပင် လောင်းကစားဝိုင်းများဘက် လူထုအာရုံစွဲမက်စေရန် မျက်စေ့မှိတ်ထားသည်။ အဆန်းတော့ မဟုတ်။ယင်းတို့၏ နည်းမျိုးစုံဆိုးသွမ်းမှုများထဲမှ ယုတ်မာကောက်ကျစ်မှု တခုပင် မဟုတ်လော။



**ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့တဖက်ခြမ်း မြန်မာပြည်အတွင်းရှိ တာချီလိတ်နယ်မြေအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သော စက်ရုံ(၄၀)ခန့်ရှိ ဘိန်းစိုက်ခင်းအများအပြားရှိပြီး မူးယစ်ဆေးဝါးထွက်ရှိမှုများပြား၊ အမ်ဖက်တမင်းဆေးပြား (၁)သန်းခန့်ဝယ်ယူနိုင်သလို ဘိန်းဖြူ(၁၀) ကီလို လောက်ကိုလည်း ဝယ်ယူနိုင်**

**ထိုင်းလွှတ်တော် နိုင်ငံခြားရေးကော်မတီ၏**
**လေ့လာတွေ့ရှိချက်**

# ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ပထမဦးဆုံးပစ်လွှတ်ခံရသည့် လူသား ရုရှား အာကာသယာဉ်မှူး ယူရီဂါဂါရင်

ယခုနှစ် ဧပြီလသည် လူသားများ အာကာသသို့ အောင်မြင်စွာခရီးထွက်နိုင်ခဲ့သော အနှစ်(၄၀)ပြည့် အထိမ်းအမှတ်လ ဖြစ်သည်။ ပထမဦးဆုံး အာကာသအတွင်းရှိ ကမ္ဘာပတ်လမ်းကြောင်းထဲသို့ပစ်လွှတ်ခံရသူမှာ အများသိရှိသည့်အတိုင်း ရုရှား(ဆိုဗီယက်)အာကာသယာဉ်မှူး ယူရီဂါဂါရင်ဖြစ်သည်။

ထိုစဉ်က အသက်(၂၇)နှစ်သာရှိသေးသည့် ယူရီဂါဂါရင်မှာ ၁၉၆၁ ခုနှစ်၊ဧပြီလ(၁၂)ရက်နေ့တွင် အာကာသကမ္ဘာပတ်လမ်းကြောင်းတွင်းသို့ ပစ်လွှတ်ခြင်းခံခဲ့ရသည်။ သူသည် အာကာသအတွင်း (၁၀၈)မိနစ်ကြာ ကမ္ဘာကို ပတ်နိုင်ခဲ့ပြီး အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဂါဂါရင်၏ အောင်မြင်မှုသည် အမေရိကန်ပြည်ထောင်စုကို အလန့်တကြားဖြစ်စေခဲ့၏။ယူရီဂါဂါရင် အာကာသအတွင်း အောင်မြင်စွာ ကမ္ဘာကိုပတ်နိုင်ခဲ့ပြီးနောက် (၂၃)ရက်အကြာတွင် အမေရိကန်ပြည်ထောင်စု အာကာသယာဉ်မှူး အာလန်ရှားဖတ်လည်း အာကာသအတွင်းသို့ ပထမဦးဆုံး ရောက်ရှိသည့် အမေရိကန် အာကာသယာဉ်မှူး ဖြစ်လာခဲ့သည်။သို့ရာတွင် အာလန်ရှားဖတ်ခရီးစဉ်မှာ ကမ္ဘာ တပတ်ပြည့်အောင်မပတ်နိုင်ခဲ့ဘဲ ကမ္ဘာ့အစိတ်အပိုင်းကိုသာ ပတ်နိုင်ခဲ့လေသည်။ အာကာသလမ်းကြောင်းအတွင်း ကမ္ဘာကို ပတ်နိုင်ခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ အာကာသယာဉ်မှူးမှာ နောက်ပိုင်းတွင် ဂျွန်ဂလင်း ဖြစ်လာခဲ့သည်။

ယူရီဂါဂါရင်သည် အာကာသထဲတွင် အောင်မြင်စွာ ကမ္ဘာကိုပတ်ခဲ့ပြီးနောက် ပြန်လည်ဆင်းသက်လာသည့်အခါ ယခုကဲ့သို့ ပြောဆိုခဲ့သည်။

''အာကာသကြီးထဲကနေ ကမ္ဘာမြေကြီးကို ပြန်ကြည့်တဲ့အခါ နယ်ခြားသတ်မှတ်မျဉ်းတွေကို မတွေ့ရတော့ဘူး။ဒီလိုပဲ ဘာသာရေး၊လူမျိုးရေး ခွဲခြားနေတာတွေလည်း မတွေ့ရတော့ဘူး''ဟု ပြောဆိုခဲ့သည်။ ကမ္ဘာတခုတည်းပေါ်တွင် လူသားများအားလုံး ရောပြွန်းနေထိုင်ကြသည်ကိုသာ တွေ့မြင်ရကြောင်း ယူရီဂါဂါရင်က ဆိုလိုခြင်း ဖြစ်ပေသည်။



ယူရီဂါဂါရင်သည် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားခဲ့သော်လည်း သက်တမ်းရှည်စွာ မနေခဲ့ရပေ။

၁၉၆၈ခုနှစ်၊မတ်လ(၂၇)ရက်နေ့တွင် MIG-15ဂျက်တိုက်လေယာဉ်ကို စမ်းသပ်ပျံသန်းနေစဉ် မော်စကိုမြို့အနီး၌ လေယာဉ်ပျက်ကျကာ သေဆုံးသွားခဲ့ရသည်။

ယူရီဂါဂါရင် ကွယ်လွန်ချိန်တွင် အသက်(၃၄)နှစ်သာရှိသေးပြီး ဇနီးနှင့် သမီးကလေး(၂)ဦး ကျန်ရစ်ခဲ့သည်။

❖



**ယူရီဂါဂါရင် ဇနီးနှင့် သမီးကလေး**

# ငွေလဲလှယ်နှုန်း လျှော့ချရန်အာဏာပိုင်တို့က ညွှန်ကြား

**DVB**

ကော့သောင်မြို့ရှိ တရားဝင် ထိုင်းဘတ်ငွေလဲလှယ်ခွင့် ပုဂ္ဂလိက လိုင်စင် ရရှိထားသူများအား ထိုင်းဘတ်ငွေ၏ တန်ဖိုးကို လျှော့ချပြီးလဲလှယ်ရန် ဒေသခံအာဏာပိုင်များက ညွှန်ကြားထားကြောင်း သိရသည်။

မြန်မာကျပ်ငွေတန်ဖိုး အဆမတန် ကျဆင်းနေသည့်အတွက် ငွေကြေး ရောင်းဝယ်သူများအနေဖြင့် ထိုင်းဘတ်ငွေ(၁၀၀)ကို မြန်မာ ကျပ်ငွေ(၁၅၀၀)ထက်ပိုပြီး မရောင်းချရန် ယခုကဲ့သို့ ညွှန်ကြားခြင်း ဖြစ်သည်ဟု သိရသည်။

ပြီးခဲ့သည့် မေလ(၁၄)ရက်နေ့က ကော့သောင်ခရိုင်ဥက္ကဌ ဒုဗိုလ်မှူးကြီးမြတ်ထွန်းဆိုင်နှင့် ဌာနဆိုင်ရာဦးစီးမှူး(၇)ဦးတို့က မြို့နယ်အတွင်းရှိ တရားဝင် နိုင်ငံခြားငွေလဲလှယ်ခွင့် ပုဂ္ဂလိကလိုင်စင်ရရှိထားသူ(၁၈)ဦး၊ ပုဂ္ဂလိကဘဏ်(၃)ခုမှ မန်နေဂျာ(၃)ဦးတို့ကို ခရိုင်အစည်းအဝေးခမ်းမသို့ ခေါ်ယူတွေ့ဆုံပြီး ငွေလဲလှယ်ခြင်းကို ထိုင်းဘတ်ငွေ(၁၀၀)လျှင် မြန်မာ ကျပ်ငွေ (၁၅၀၀)ထက် မပိုစေသည့်အပြင် ထပ်မံလျှော့ချနိုင်ရန်အတွက် သတ်မှတ်ချက်နှင့် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းပြကြောင်း။

ထို့ပြင် မရက ဥက္ကဌ ဗိုလ်ကြီးကျော်ငွေက မှောင်ခိုငွေလဲလှယ်ရောင်းဝယ်မှုထုတ်ဖေါ်ရေးအတွက် အစည်းအဝေး တက်ရောက်လာသူတွေက တာဝန်ရှိဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံအတွင်းရှိ ထိုင်းဘဏ်များတွင် ငွေအပ်နှံထားသူများရှိပါက မေလ (၂၅)ရက်နေ့အတွင်း ကော့သောင်ရှိဘဏ်များသို့ လွှဲပြောင်းအပ်နှံသိမ်းဆည်းရေး၊ တလအတွင်း ထိုင်းဘတ်ငွေရောင်းဝယ်မှုဝင်ငွေ၊ ထိုင်းဘတ်ငွေ ပိုင်ဆိုင်ပုံ၊ ရရှိပုံအကြောင်းရင်း ရှင်းလင်းချက်တို့အား မရကရုံးသို့ မေလ(၂၆)ရက်နေ့ နေ့လည်(၁၂)နာရီ နောက်ဆုံးထားပြီး တင်ပြရေးတို့ကို ရှင်းလင်းပြောဆို သွားပြီး၊ ယခု အချက်အလက်များကို လိုက်နာရန်ပျက်ကွက်ပါက ဥပဒေအရ အရေးယူသွားမည်ဟု ခြိမ်းခြောက်ပြောဆိုသွားကြောင်းလည်း သိရှိရပါသည်။

❖

# အန္တရာယ်ကြားမှ ငြိမ်းချမ်းရေးဆု

## နောက်ကျောဖုံးမှ အဆက်

တွေ့ခွင့်ရကြပါတယ်။ မင်းကိုနိုင်ဟာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ)ရဲ့ ဥက္ကဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ တကယ်တမ်းလည်း သူဟာ အနာဂတ်ဒီမိုကရက်တစ်မြန်မာပြည်အတွက် သမိုင်းတွင်ကျန်ရစ်မယ့် ခေါင်းဆောင်တွေထဲက တယောက် ဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တယောက်အနေနဲ့ မြန်မာပြည်တဝှမ်းလုံး ပါဝင်ဆင်နွှဲခဲ့ကြတဲ့ သမိုင်းဝင် "ရှစ်လေးလုံး ဒီမိုကရေစီရေးလှုပ်ရှားမှုကြီး"ကို ဦးဆောင်မှု ပေးခဲ့ပါတယ်။ စစ်အုပ်စုကတော့ ဒီမိုကရေစီရေး ဆင်နွှဲသူများကို ကျည်ဆံတွေနဲ့သာ တုန့်ပြန်ခဲ့ပါတယ်။ ထောင်ပေါင်းများစွာသော ပြည်သူတွေ သွေးအေးအေးနဲ့ပစ်သတ်ခံခဲ့ရပါတယ်။လူအများအပြား ဖမ်းဆီးခံခဲ့ရပြီး ညှဉ်းပမ်းနှိပ်စက်ခံကြရပါတယ်။ မင်းကိုနိုင်နဲ့အတူ ကျောင်းသား(၃၀၀)ကျော်ဟာ မြန်မာနိုင်ငံရဲ့အကျဉ်းထောင်တွေမှာ နိုင်ငံရေးအကျဉ်းသားများအဖြစ် ယနေ့ထိ ချုပ်နှောင်ခံနေကြရဆဲပါ။

မင်းကိုနိုင်ရဲ့တိုက်ပွဲဟာ ဥပေက္ခာပြုခံနေရတာတော့ မဟုတ်ပါဘူး။အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နဲ့ တခြား လူ့အခွင့်အရေးအဖွဲ့တွေက သူ့အကြောင်း ရေးသားဖော်ပြကြ၊ သူ့လွတ်မြောက်ရေး တောင်းဆိုကြိုးပမ်းမှုတွေ ပြုလုပ်ကြတာရှိပါတယ်။ အခုနောက်ဆုံးအနေနဲ့ နော်ဝေနိုင်ငံ ထရွမ်ဟိန်းမြို့ အပြည်ပြည်ဆိုင်ရာ ကျောင်းသားပွဲတော်က ကျောင်းသားငြိမ်းချမ်းရေးဆုချီးမြှင့်ခြင်းအားဖြင့် အသိအမှတ်ပြုခဲ့ပါတယ်။ သူကိုယ်တိုင်တော့ ဆုကိုတက်ရောက် လက်ခံမယူနိုင်ခဲ့ပါဘူး။ အကြောင်းကတော့ တရားဝင် ထောင်သက်ပြည့်သွားပေမယ့် ပြန်လွှတ်ပေးခြင်းမခံရသေးတဲ့မင်းကိုနိုင်ဟာ အကျဉ်းထောင်တိုက်ခန်းကျဉ်းထဲ ဆက်လက်ပိတ်နှောင်ခံနေရဆဲမို့ ဖြစ်ပါတယ်။ သူ့ကိုယ်စား ဆုလက်ခံယူဖို့ (ဗကသ) အဖွဲ့ဝင်များဖြစ်ကြတဲ့ ကိုသားညွန့်ဦးနဲ့ ကိုဘိုကြည်တို့ဟာ မတ်လ(၈)ရက်နေ့မှာ နော်ဝေနိုင်ငံကို ရောက်လာကြပါတယ်။ ကိုသားညွန့်ဦးနဲ့ ကိုဘိုကြည်တို့ နှစ်ဦးလုံးဟာ သူတို့ရဲ့ ယုံကြည်ချက်၊ နိုင်ငံရေးလှုပ်ရှားမှုတွေကြောင့် အကျဉ်းထောင်အတွင်း နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရသူတွေ ဖြစ်ပါတယ်။ မကြာသေးခင်ကမှ သူတို့ကျောင်းသားအဖွဲ့အစည်းအတွက် အလုပ် ဆက်လုပ်နိုင်မယ်ထင်ရတဲ့ ထိုင်းနိုင်ငံကို ထွက်ခွာလာခဲ့ကြရတာပါ။

နော်ဝေက ကျောင်းသားငြိမ်းချမ်းရေးဆုယူအပြီး အေးစိမ့်တဲ့ ညတညဖြစ်တဲ့ မတ်လ(၂၁)ရက်နေ့မှာ သူတို့ဟာ ဆွီဒင်နိုင်ငံ ဥ(ပ)ဆာလာမြို့ကို ရောက်လာကြပါတယ်။ မြန်မာပြည်အရေး စိတ်ဝင်စားကြတဲ့ ကျောင်းသူကျောင်းသားတွေရဲ့ရှေ့မှာ မြန်မာပြည်ရဲ့ လက်ရှိအခြေအနေတွေကို ရှင်းပြကြပါတယ်။ မေးခွန်းတွေများပေမယ့် သူတို့အတွက် ကိစ္စသိပ်ရှိပုံ မပေါ်ပါဘူး။ ဆွီဒင်ကျောင်းသားတယောက်က လွန်ခဲ့တဲ့နှစ်အောက်တိုဘာလမှာစတင်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အုပ်စုအကြား တွေ့ဆုံမှုအပေါ် ဘယ်လိုမြင်သလဲလို့ မေးပါတယ်။ "လူတိုင်း ကြိုဆိုကြပါတယ်"လို့ ကိုသားညွန့်ဦးက ဖြေပါတယ်။ ဒါပေမယ့်



သူကဆက်ပြီး "ကျနော်တို့က နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးပြီးနိုင်ငံရေးပါတီများအားလုံး လှုပ်ရှားခွင့်ပြုပြီးမှ ဒါဟာ စစ်မှန်တဲ့ဆွေးနွေးမှုတခုလို့နားလည် လက်ခံမှာပါ။ ဒီပြောင်းလဲမှုတွေမတိုင်ခင် ကျနော်တို့ အကြီးအကျယ်မမျှော်လင့်ရဲပါဘူး"လို့ ပြောပါတယ်။ ကျနော်က ဒီလိုဖြစ်လာဖို့ အခွင့်အရေးဘယ်လောက်ရှိသလဲလို့ သူ့ကိုမေးတော့ "ငါးဆယ်....ငါးဆယ်စီပဲ...."တဲ့။

ကျနော်တို့စကားဝိုင်းမှာ မင်းကိုနိုင်တယောက် ဒီနေ့ ဘယ်လိုဖြစ်နေမလဲဆိုတာစုံစမ်းမေးမြန်းကြသူ အတော်များပါတယ်။ အခု ကျောင်းသားငြိမ်းချမ်းရေးဆု သူရတာ သူကိုယ်တိုင်မှ သိရဲ့လား။ "ဟင့်အင်း"လို့ ကိုဘိုကြည်က ဖြေပါတယ်။ ဆုအကြောင်း တစွန်းတစမှ သူမသိနိုင်ပါဘူး။ ကိုဘိုကြည်ပြောပြလို့ မင်းကိုနိုင်ဟာ အဖမ်းခံရပြီးနောက်ပိုင်း မိသားစုနဲ့ နှစ်ကြိမ်၊ သုံးကြိမ်လောက်သာ တွေ့ရကြောင်း၊ တခါတွေ့ရင် မိနစ်(၂၀)မျှသာဖြစ်ကြောင်း သိရပါတယ်။ မကြာသေးခင်ကတော့ သူ့ကို ဘယ်ညှော်သည်ကမှ တွေ့ခွင့်မရနိုင်တော့တဲ့ ထောင်တထောင်ကို ပြောင်းရွှေ့ပစ်ခဲ့ကြပါတယ်။ ကျနော်တို့ မြန်မာမိတ်ဆွေတွေဟာ သူတို့ရဲ့ ရဲရင့်လှတဲ့ကျောင်းသားခေါင်းဆောင်အတွက် စိတ်ပူပန်နေကြတယ်ဆိုတာ ကျနော်တို့ အခိုင်အမာပြောနိုင်ပါတယ်။ သတင်းဖော်ပြချက်တွေအရ မင်းကိုနိုင်မှာ စိတ်ပိုင်းဆိုင်ရာပြဿနာ၊ချောင်းဆိုး၊ရင်ကြပ်နဲ့ အဆုပ်ရောင်ရောဂါတို့ ရှိနေပါတယ်။ စိတ်ဓာတ် ကြံ့ခိုင်သူတယောက်ဖြစ်ပေမယ့် ဆယ်နှစ်တာ အထီးကျန်မှုနဲ့ နှိပ်စက်ညှဉ်းပမ်းမှုတွေဟာ လူ့ဘဝဖြစ်တည်မှုအတွက်အမှတ်အသားတွေအဖြစ် ပိုင်ဆိုင်ရမှာလား။ သူတို့ဟာ စိုးရိမ်ပူပန်နေကြပေမယ့် အင်မတန်ဂုဏ်ယူနေကြပါတယ်။ သားညွန့်ဦးက "သူ ထောင်ထဲမှာ နှိပ်စက်ညှဉ်းပမ်းခံနေရစဉ် သူဟာ နိုင်ငံရေးမှာ နောက်နောင်ဘယ်တော့မှ မပါဝင်မပတ်သက်တော့ပါဘူးလို့ ရေးထားတဲ့စာရွက်ပေါ် လက်မှတ်တချက်ထိုးလိုက်တာနဲ့ ထောင်က လွတ်မြောက်သွားနိုင်တဲ့ အခွင့်အရေးတခုတော့ ရှိပါတယ်။ဒါပေမယ့် လက်မှတ်ထိုးဖို့ သူဘယ်တုန်းကမှ သဘောမတူခဲ့ဘူး"လို့ ပြောပြပါတယ်။

ဥ(ပ)ဆာလာကို သူတို့ ရောက်လို့ နှစ်ရက်အကြာ ကျနော်ဟာ ကိုသားညွန့်ဦး ၊ကိုဘိုကြည်၊ မြန်မာပြည်ရေးလှုပ်ရှားတဲ့ ဆွီဒင်သူ စစ်စီတို့နဲ့အတူ စတော့ဟုမ်းမြို့မှာ အခြေစိုက်တဲ့ ဆွီဒင် နိုင်ငံခြားရေးဝန်ကြီးဌာနဆီ သွားရောက်ခဲ့ရပါတယ်။ အဲဒီမှာ မြန်မာပြည်ရေးရာတာဝန်ရှိသူများဖြစ်တဲ့ ဘရူနိုအက်စ်ဘေဂျာနဲ့ အန်နာလီဆာတို့ လက်ခံတွေ့ဆုံပါတယ်။ သူတို့ဟာ မြန်မာပြည်ရေးရာကျွမ်းကျင်သူတွေဖြစ်ကြပေမယ့် မြန်မာပြည်ရဲ့တကယ့်အခြေအနေတွေကိုသိနိုင်ဖို့ ခက်ခဲလှပါတယ်။ အကြောင်းကတော့ သူတို့ကို မြန်မာလူထုတွေနဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေ စစ်အုပ်စုက ဖြတ်တောက်ထားလို့ပါပဲ။ ဒါကြောင့် သူတို့ဟာ ကျနော်တို့မြန်မာမိတ်ဆွေတွေဆီက ဘာသတင်းများ ထူးသလဲဆိုပြီး အလွန် စိတ်ဝင်တစားဖြစ်ကြပါတယ်။ ကိုသားညွန့်ဦး "စစ်အုပ်စုဟာ တက္ကသိုလ်ကျောင်းတွေ ပြန်ဖွင့်ပြီးပြီလို့ပြောတာ မမှန်ပါဘူး။ဒီနေ့မြန်မာပြည်မှာ ကျောင်းသား(၅၀၀၀)လောက်သာ စာသင်ကြားနိုင်တဲ့ အခြေအနေဖြစ်နေတာပါ။ တက္ကသိုလ်ကျောင်းသားတိုင်းဟာ နိုင်ငံရေးနဲ့မပတ်သက်ပါဘူးဆိုတဲ့ ခံဝန်ကတိကို ကျောင်းလက်ခံရာမှာ ပေးရပါတယ်။ မြန်မာနိုင်ငံက ကျောင်းသားတွေရဲ့အခြေအနေဟာ အတော့်ကိုဆိုးရွားပါတယ်"လို့သက်ပြင်းချရင်း ပြောသွားပါတယ်။



အန်နာလီဆာဟာ ဒီနှစ်ဆန်းပိုင်း ဇန်နဝါရီလ(၂၉)ရက်မှာ မြန်မာ စစ်အုပ်စုရော၊ ဒေါ်အောင်ဆန်းစုကြည်ကိုပါတွေ့ဆုံခဲ့တဲ့ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ဝင်တဦး ဖြစ်ပါတယ်။ "ကျမတို့ဟာ စစ်အုပ်စုကို ကျမတို့ တောင်းဆိုချက်တွေဖြစ်တဲ့ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး လူ့အခွင့်အရေးတွေလေးစားစောင့်ရှောက်ရေးနဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂရဲ့ တောင်းဆိုချက်တွေကို လေးစားလိုက်နာရေးတို့ကို ပြောခဲ့ပါတယ်။သူတို့ အဆိုအရ ယုံကြည်မှုတည်ဆောက်နေကြတဲ့ အဆင့်မှာရှိတယ်လို့ သိရပါတယ်"လို့ အန်နာလီဆာက ပြောပြပါတယ်။

အစည်းအဝေးပြီးတဲ့အခါမှာ ကျနော်ဟာ ဒီမြန်မာလူငယ်လေးနှစ်ဦး မပြန်ခင် နောက်ထပ်မေးခွန်းတွေမေးဖို့ နောက်ဆုံးအခွင့်အရေး ရခဲ့ပါတယ်။ ကျနော်ဟာ မြန်မာပြည်ပြင်ပမှာ သူတို့တဦးချင်းစီရဲ့ လုပ်ဆောင်ချက်တွေဟာ မြန်မာပြည်အနာဂတ်အတွက် ထူးခြားမှုတခုခု အမှန်တကယ်ဖြစ်စေခဲ့သလားဆိုတာသိချင်နေမိတယ်။ "မာတင် " လို့ ကိုသားညွန့်ဦးကအစချီပြီး "အဲဒါဟာ ဘဝရှင်သန်မှုနဲ့ သေခြင်းကြားက ထူးခြားချက်တခုလို့ အဓိပ္ပါယ်ရှိနိုင်ပါတယ်။ ကျနော် ၁၉၈၉ခုနှစ်က ပထမဆုံးအကြိမ်ထောင်ကျတော့ ထောင်ဝါဒါက ကျနော့်ကို ငါတို့ ဒီမှာ မင်းကိုသတ်ပစ်လိုက်လို့ရတယ်။ ဘယ်သူ့ကိုမှ လာကြည့်မနေဘူးလို့ပြောတယ်။ ဒီနေ့တော့ သူတို့ ဒီလိုပြောမှာမဟုတ်တော့ပါဘူး။ အခုဆို သူတို့ဟာ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တို့၊ ကမ္ဘာ့ကြက်ခြေနီအသင်းတို့၊ နောက်တခြား မြန်မာပြည်ရေးလုပ်ဆောင်နေကြတဲ့ အသင်းအပင်းတွေအကြောင်း သိနေကြပြီ။ အဲဒီ အဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်ချက်တွေဟာ မြန်မာပြည်အကျဉ်းထောင်ထဲက ညှဉ်းပမ်းမှုတွေ၊ သတ်ဖြတ်မှုတွေကို အထိုက်အလျောက် လျော့ကျသွားစေနိုင်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာဖိအားဟာ အခုဆို စစ်အုပ်စုနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဆွေးနွေးလာအောင် လုပ်ဆောင်နိုင်ခဲ့တယ်။မာတင်....အဲဒါဟာ ခြားနားခြင်းလောကတခုကို တည်ဆောက်ခဲ့ကြတာပဲ"လို့ ပြောပါတယ်။

ကိုဘိုကြည်က ညက သူ့အိပ်မက်အကြောင်း ကျနော့်ကိုပြောပြပါတယ်။ ထိုင်းပုလိပ်တွေ သူ့နောက်ဝိုင်းလိုက်ကြ၊ သူ့ကိုဖမ်းဆီးပြီး ဝိုင်းပြီး ရိုက်ကြ နှက်ကြနဲ့ ကြိမ်ဖန်များစွာ....။ ဒီ အဖြစ်အပျက်ဟာ ကိုဘိုကြည်ရဲ့ အိပ်မက်ဆိုးတွေမျှသာ မကပါဘူး။ ပြီးခဲ့တဲ့နှစ်က ကိုဘိုကြည်ဟာ ထိုင်းရဲတွေရဲ့ဖမ်းဆီးမှု(၇)ကြိမ် ခံခဲ့ရပါတယ်။ အဆိုးရွားဆုံးအချက်ဟာ ထိုင်းရဲတွေဖမ်းဆီးစဉ်အတွင်း ရိုက်နှက်မှု မဟုတ်ပါဘူး။ သူထောင်ထဲမှာ ရှည်လျားခက်ခဲကြမ်းတမ်းစွာဖြတ်သန်းခဲ့ရတဲ့ မြန်မာပြည်ကို ပြန်ပို့မလားဆိုတဲ့ စိုးရိမ်သောကပါ။ ကိုသားညွန့်ဦးနဲ့ကိုဘိုကြည်တို့ဟာ ဥရောပကိုလာဖို့အတွက် အန္တရယ်လမ်းပေါ် ထွက်လာခဲ့ကြရတာပါ။ ထိုင်းနိုင်ငံ ဘန်ကောက်လေဆိပ်ကိုဖြတ်ထွက်လာတုန်း သူတို့ဟာ နောက်တကြိမ်မြန်မာပြည်ထောင်တွေဆီ ပြန်ရောက်နိုင်တဲ့ အန္တရာယ်ကို မျက်နှာချင်းဆိုင်ခဲ့ရပါတယ်။ကျနော်က ဒီကျောင်းသား ငြိမ်းချမ်းရေးဆုကို လာယူရတဲ့ တန်ရာတန်ဖိုးဟာ နောက်တကြိမ် ထောင်ထဲ ပြန်ရောက်သွားမယ့် အန္တရာယ်လားလို့ မေးမိပါတယ်။"တခါတရံ ကျနော်တို့တော်လှန်ရေးဟာ သိပ် အထီးကျန်ဆန်နေသလိုခံစားမိတယ်"လို့ ကိုသားညွန့်ဦးကပြောရင်း ကျနော့်မျက်လုံးတွေဆီ တည့်တည့် စိုက်ကြည့်လိုက်ပါတယ်။"ကျောင်းသားငြိမ်းချမ်းရေးဆုဟာ ကျနော်တို့ အထီးကျန်မဟုတ်ဘူးဆိုတာ သက်သေပြချက်တခုပါပဲ။ ဒီဆုဟာ မြန်မာပြည်ကျောင်းသားလှုပ်ရှားမှုတခုလုံးအတွက် အင်သစ်အားသစ်တွေ အင်မတန်ဖြစ်စေပါတယ်။ အခုကျနော်တို့ရဲ့ဥရောပခရီးစဉ်ဟာ ကျနော်တို့နိုင်ငံရဲ့ အခြေအနေတွေအပေါ် သတိပြုလာစေဖို့ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။အဲဒါဟာ မြန်မာပြည်လွတ်မြောက်ရေးအတွက် နိုင်ငံတကာဖိအားတွေ လိုအပ်နေသေးကြောင်း သတိပြု ဂရုစိုက်လာစေရေးပါ။ ဟုတ်တယ်....အဲဒါဟာ ကျနော်တို့ရတဲ့ တန်ရာတန်ဖိုးပဲပေါ့" လို့ ကိုသားညွန့်ဦးက ခိုင်ခိုင်မာမာဆုံးဖြတ်မှုရှိရှိနဲ့ပြောပါတယ်။ တကယ်လို့ ကျနော်တို့အဖမ်းခံသင့်တယ်ဆိုရင်တောင် ဒါဟာ တန်ရာတန်ဖိုးတခုပါ" နောက်ဆုံးတော့ ကျနော်တို့ဟာ စတော့ဟုမ်းရဲ့ အလုပ်များနေကြတဲ့လမ်းမပေါ်မှာ နှုတ်ဆက်ခွဲခွာ လာခဲ့ကြပါတယ်။ ကျနော့်အတွေးထဲမှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့စကားတခွန်းကို အမှတ်ရနေမိတော့တယ်။

**ပြောင်းလဲရမှာပါ။**
**ဘာဖြစ်လို့လဲဆိုတော့**
**စစ်တပ်မှာပိုင်ဆိုင်သမျှတွေဟာ**
**သေနတ်တွေ ဖြစ်နေလို့ပဲ**

**ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့မှ သတင်းထောက်** Martin Smdjeback **ရေးသားသော** Burmese students risk their freedom to collect peace prize **ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြခြင်းဖြစ်ပါသည်**



n n n n n n n n n n

**မင်းကိုနိုင်ဟာ အဖမ်းခံရပြီးနောက်ပိုင်း**
**မိသားစုနဲ့ နှစ်ကြိမ်၊ သုံးကြိမ်လောက်သာ တွေ့ရကြောင်း၊**
**တခါတွေ့ရင် မိနစ်(၂၀)မျှသာဖြစ်ကြောင်း သိရပါတယ်။**
**မကြာသေးခင်ကတော့ သူ့ကို ဘယ်ညှော်သည်ကမှ**
**တွေ့ခွင့်မရနိုင်တော့တဲ့ ထောင် တထောင်ကို**
**ပြောင်းရွှေ့ပစ်ခဲ့ကြပါတယ်။**
**ကျနော်တို့ မြန်မာမိတ်ဆွေတွေဟာ**
**သူတို့ရဲ့ ရဲရင့်လှတဲ့ကျောင်းသားခေါင်းဆောင် အတွက်**
**စိတ်ပူပန်နေကြတယ်ဆိုတာ**
**ကျနော်တို့ အခိုင်အမာ ပြောနိုင်ပါတယ်။**
**သတင်းဖော်ပြချက်တွေအရ မင်းကိုနိုင်မှာ စိတ်ပိုင်းဆိုင်ရာပြဿနာ၊**
**ချောင်းဆိုး၊ရင်ကြပ်နဲ့ အဆုပ်ရောင်ရောဂါတို့ ရှိနေပါတယ်။**
**စိတ်ဓာတ် ကြံ့ခိုင်သူတယောက်ဖြစ်ပေမယ့်**
**ဆယ်နှစ်တာ အထီးကျန်မှုနဲ့ နှိပ်စက်ညှဉ်းပမ်းမှုတွေဟာ**
**လူ့ဘဝဖြစ်တည်မှုအတွက် အမှတ်အသားတွေအဖြစ်**
**ပိုင်ဆိုင်ရမှာလား။**

u u u u u u u u u u

## တိုင်းမှူးနှင့် ဒု-တိုင်းမှူး ပါဝင်ပတ်သက်သော သစ်တောခေါင်းတဦးအား လုပ်ကြံသတ်ဖြတ်မှု

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်အေးနှင့် ဒု တိုင်းမှူး သူရမောင်နီတို့၏ စေခိုင်းချက်အရ စစ်ဗျူဟာ(၁)လက်အောက်ခံ ခလရ (၃၀)မှ တပ်ဖွဲ့တဖွဲ့သည် ထန်းတပင်မြို့နယ်၊ပလက်ဝဒေသမှ သစ်တောခေါင်း ဖြစ်သူ စောပလဲထူး အသက်(၃၇)နှစ်၊ အဘ စောသက်ရှည်၊ အမိ နော်စေး အား ပြီးခဲ့သည့် ဇန်နဝါရီလ(၂၃)ရက်နေ့က လက်ပစ်ဗုံးဖြင့် ဖောက်ခွဲလုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

လုပ်ကြံသတ်ဖြတ်ရသည့်အကြောင်း ရင်းမှာ ပလက်ဝဒေသအတွင်း လှည့်လည်လှုပ်ရှားနေသော နအဖ တပ်ရင်း တပ်ဖွဲ့များသည် (၃)နှစ်အတွင်း ကျပ်ငွေ သိန်း(၅၀)ထက်မနည်း အဆိုပါ သစ်တောခေါင်း စောပလဲထူးထံမှ အဓမ္မတောင်းယူခဲ့သည့်အပြင် အခြား အကူအညီအမျိုးမျိုးလည်း ရယူခဲ့ကြကြောင်း၊ ယခုအခါ ထိုကိစ္စများအား အခြားသော သက်ဆိုင်ရာတို့မှ သိရှိသွားမည်ကိုစိုးရိမ်ပြီး ယခုကဲ့သို့ လုပ်ကြံ သတ်ဖြတ်ပစ်ခြင်းဖြစ်ကြောင်း သိရသည်။

လုပ်ကြံ သတ်ဖြတ်ခြင်းခံရသူ သစ်တောခေါင်း စောပလဲထူးသည် တောင်ငူမြို့ ရပ်ကွက်(၂၀)တွင်နေထိုင်ပြီး ဇနီး နော်ဖဲထူးနှင့် သားသမီး(၃)ဦး ကျန်ရစ်ခဲ့ကြောင်း သိရသည်။

# တိုက်ပွဲသတင်းများ

# နအဖစစ်အုပ်စု၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ

### ဘားအံခရိုင်

၂၄-၁-၂၀၀၁နေ့က နအဖ တပ်၂၂လက်အောက်ခံ ခမရ(၈၁)မှ စစ်ကြောင်း(၂)မှူး စန္ဒာဝင်းနှင့်ဒုရင်းမှူး ဝင်းတင် ဦးစီးအဖွဲ့သည် မယ်တော်လေးမှကမားဒိုအကြား လှုပ်ရှား နေထိုင်ပြီး တရိဖိုးကွီး၊ မယ်တမူ၊ ကမားထ၊ထီးသဘလူတာ ရွာများမှ ရွာသား (၅)ဦးစီကို (၃)ရက်တကြိမ် လူသား မိုင်းရှင်းအဖြစ် ခေါ်ယူ အသုံးပြုနေကြောင်း သိရှိရသည်။

၆-၂-၂၀၀၁နေ့က နအဖ ခမရ(၈၁)မှ တပ်စုတစုသည် ထီးပနာခီးရှိ ဈေးရောင်းနေသော လူ(၆)ဦးအား ဖမ်းဆီးကာ ဘဲဘဲဆိုသူထံမှ ငွေကျပ် (၃၀၀၀)၊ စီဒီဇင်အမျိုးအစား ရှေရောင်နာရီ(၂)လုံး၊ ဓါတ်မီး(၁)လက်နှင့် မယ်တမူရွာတွင်နေသော စောဒူးဒူထံမှ ငွေ(၃၀၀၀၀)ကျပ် လုယူသွားကြောင်း သိရသည်။

၂၀-၂-၂၀၀၁ရက်နေ့ ညနေ (၄)နာရီခန့်တွင် မကွီးလူတောင်ခြေရှိ ဒီကေဘီအေတပ်ဖွဲ့အား KNLA တပ်များက ဝင်ရောက်တိုက်ခိုက်သည်။ မိနစ်(၃၀)အကြာတွင် ဒီကေဘီအေ မှ နအဖတပ်များထံ လက်နက်ကြီးပစ်ကူတောင်း။ နအဖတပ်များမှ လက်နက်ကြီးဖြင့် ပစ်ခတ်အကူအညီပေးရာ ဒီကေဘီအေ(၂)ဦး သေဆုံး။

၂၂-၂-၂၀၀၁ ရက်နေ့ ညနေ (၆)နာရီ(၁၅)မိနစ် အချိန်ခန့်တွင် မက်ကဒိုးတောင်ကုန်းပေါ်ရှိ နအဖနှင့် ဒီကေဘီအေ ပူးပေါင်းအဖွဲ့အား KNLA မှ ဝင်ရောက်တိုက်ခိုက်သည်။ တိုက်ပွဲဖြစ်ပွားချိန် မိနစ်(၃၀)ကြာသည်။ ထိခိုက်မှုမသိရ။ (ထိုရက်အတွင်း တပ်မ(၆၆)လက်အောက်ခံ ခမရ(၆)မှ တပ်သားတဦး မိမိကိုယ်မိမိ ပစ်သတ်သည်။

၁၂-၂-၂၀၀၁ရက်နေ့ နံနက် (၅)နာရီအချိန်တွင် တပ်မ(၆၆) လက်အောက်ခံတပ်ဖွဲ့နှင့် ဒီကေဘီအေ ပူးပေါင်းအဖွဲ့အား KNLA မှ တောအုပ်နှင့် ဖားကလူးအကြားတွင် ဝင်ရောက်တိုက်ခိုက်ရာ နအဖဘက်မှ(၃)ဦး သေဆုံး(၅)ဦး ဒဏ်ရာပြင်းထန်စွာ ရရှိသည်။ ထိုရက်မှာပင် KNLAတပ်ဖွဲ့မှ ခမရ(၆၆)အား ညနေ(၂)နာရီတွင် တကြိမ်၊(၃)နာရီတွင်တကြိမ်၊ (၄)နာရီတွင်တကြိမ်၊ (၅)နာရီတွင်တကြိမ် စုစုပေါင်း(၄)ကြိမ် ဝင်ရောက်တိုက်ခိုက်ရာ နအဖဘက်မှ(၄)ဦး ထိခိုက်ဒဏ်ရာရရှိသည်။

၂၈-၂-၂၀၀၁ ရက်နေ့က ဒီကေဘီအေ(၅၅၅)အဖွဲ့မှ စောကထူးကော်သည် KNLAထံသို့ လာရောက်ပူးပေါင်းသည်။ အေကေ(၁)လက်၊ ကျည်(၂၄၀)တောင့်၊ကျည်ကပ်(၇)ခုနှင့် ခွင်းဗုံး(၂)လုံး ပါသည်။

၁၂-၂-၂၀၀၀ ရက်နေ့ ညနေ (၆)နာရီ(၁၀)မိနစ်တွင် နအဖ ခမရ (၃၅၆)သည် ထီးကပလယ် နယ်စပ်စခန်းမှ အတွင်းဘက်သို့ ဆင်းအလာ KNLAမှ တပ်ရင်း(၁၀၃)နှင့် ထိတွေ့တိုက်ခိုက်မှုဖြစ်သည်။ နအဖ ခမရ (၃၆၅)ဘက်မှ(၆)ဦးသေဆုံး (၁၃)ဦး ထိခိုက် ဒဏ်ရာရသည်။

၁၀-၂-၂၀၀၁ ရက်နေ့က ထီးခေါ်ခီး ခေါ် စခန်းသစ်စခန်းတွင် ခမရ(၂၈၄)မှ ဒုရင်းမှူး ကိုကိုအောင်အား ၎င်း၏တပ်သားတဦးမှ ပစ်သတ်လိုက်ကြောင်း သတင်းရရှိသည်။

KNLAမှ တပ်ရင်း(၁၀၄)နှင့် တပ်ရင်း(၁၈)ပူးပေါင်း တပ်စုတစုသည် ထီးသမလူချောင်းအနီး လမ်းကင်းစောင့်နေသော ခမရ(၃၅၅)နှင့် ၂၈-၂-၂၀၀၁ရက်နေ့ နံနက် (၈)နာရီ(၃၀)မိနစ် အချိန် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားချိန် (၁၅)မိနစ်ကြာသည်။ နအဖဘက်မှ (၂)ဦး သေဆုံးသည်။

ထိုနေ့ နေ့လည်(၁၂)နာရီ (၁၅)မိနစ်အချိန် ထီးကပလယ်ဘက်မှ ပြန်ဆင်းလာသော နအဖ-ခမရ (၃၅၅)၏ကားတစီးနှင့် လမ်းကင်းတာဝန် ယူနေသော နအဖတပ်ဖွဲ့များအား KNLAတပ်ရင်း(၁၀၃)မှ ထီးဝါးမေးထရွာအနီး ခြုံခိုတိုက်ခိုက်ရာ နအဖဘက်မှ ဒုတပ်ခွဲမှူး(၁)ဦးအပါအဝင် (၄)ဦးသေဆုံးပြီး (၁)ဦးဒဏ်ရာရရှိသွားကြောင်းသိရသည်။KNLA ဘက်မှ တပ်သား(၁)ဦး ဒဏ်ရာရရှိသည်။

၂-၂-၂၀၀၁ ရက်နေ့ ညနေ (၆)နာရီ(၁၀)မိနစ်အချိန် KNLA မှ တပ်စုတစုသည် ခမရ(၃၅၅)အား ဘူးတောနှင့် လေးဒေးအကြား ထီးကပလယ်ရွာအနီးဝန်းကျင်တွင် ဝင်ရောက်ပစ်ခတ်ရာ နအဖဘက်မှ (၅)ဦးကျဆုံး (၂)ဦးဒဏ်ရာရရှိသွားကြောင်းသိရသည်။

### တောင်ငူခရိုင်

၅-၂-၂၀၀၁ရက်နေ့က နအဖ စစ်ဗျူဟာ(၁)လက်အောက်ခံ ခမရ (၃၀)နှင့်(၃၃)တို့သည် ကော်သေးဒဲနှင့် ခလယ်လာရွာမှ အရပ်သား(၈)ဦးအား ကုန်တင်ရာတွင်လည်းကောင်း မိုင်းရှင်းရာတွင်လည်းကောင်း အလိုးနှင့်မူဒဲ၌ ရွာများတွင် အဓမ္မ စေခိုင်းအသုံးပြုခဲ့ကြောင်း သိရသည်။

နအဖ-ခမရ(၂၄၄)မှ စစ်ကြောင်း(၂)မှူးဇော်ထွန်းသည် တောင်ငူမြို့နယ်အတွင်း ၂၈-၁-၂၀၀၁ရက်နေ့က ပယ်ကော်ရွာ၌(၁)ကြိမ်၊၃၁၊၂၊၂၀၀၁ ရက်နေ့က ဒိုးဒိုးမောင်ကိုးရွာ၌ (၁)ကြိမ် ရွာသား(၇၀)ကို အထမ်းသမားအဖြစ်လည်းကောင်း၊ လူသားမိုင်းရှင်းအဖြစ်လည်းကောင်း၊ လူသားဒိုင်းအဖြစ်လည်းကောင်း အသုံးပြုကာ ခလယ်လာမှ သအေးထသို့ စေလွှတ်ခိုင်းစေခဲ့ကြောင်း သိရသည်။

### ညောင်လေးပင်ခရိုင်

၆-၂-၂၀၀၁ရက်နေ့ နံနက် (၇)နာရီ(၄၀)မိနစ်အချိန် KNLA တပ်ရင်း(၅)မှ တပ်ဖွဲ့တဖွဲ့နှင့် ဒီကေဘီအေတပ်ဖွဲ့တို့ ကျောက်ကြီးမြို့နယ်အတွင်းရှိ မြေနီကုန်းတွင် တိုက်ပွဲဖြစ်ပွားရာ၊ ဒီကေဘီအေမှ တပ်ကြပ်ကြီးမြင့်လွင်နှင့်တပ်သား(၂)ဦးသေဆုံးခဲ့သည်။ အေကေ(၂)လက်နှင့် စာရွက်စာတမ်းများငင်းတို့ထံမှ သိမ်းဆည်းရရှိသည်။

### ကနဲလေးဒေသ

၆-၂-၂၀၀၁ရက်နေ့ နံနက် (၅)နာရီအချိန် KNLA တပ်ရင်း(၂၀)မှ တပ်ဖွဲ့တဖွဲ့သည် နအဖ ခမရ (၇၀၂)မှ တပ်ဖွဲ့တဖွဲ့အား ကန်လေးချောင်းဖျားတွင် ဝင်ရောက်တိုက်ခိုက်ရာ နအဖဘက်မှ (၄)ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

၇-၂-၂၀၀၁ ရက်နေ့ ညနေ (၃)နာရီ(၄၅)မိနစ်အချိန်တွင် နအဖ ခမရ(၇၀၇)နှင့် ဝါဆူပူဒေသတွင် တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ (၁)ဦးကျဆုံးခဲ့သည်။

### ဖာပွန်ခရိုင်

၈-၂-၂၀၀၁ရက်နေ့က ဒီကေဘီအေမှ ကဆိဝါးဦးစီးသော တပ်ဖွဲ့တဖွဲ့သည် ဘောကျိုလယ်ရွာတွင်းသို့ ဝင်ရောက်ကာ တပ်သားသစ်(၁၃)ဦး အဓမ္မ တောင်းယူသွားခဲ့သည့်အပြင် ဒီကေဘီအေတပ်တွင်း မဝင်ပါက တဦးလျှင် ကျပ်ငွေလေးသောင်းစီ ပေးရမည်ဟုဆိုကာ အဓမ္မတောင်းယူသွားခဲ့ကြောင်း သိရှိရသည်။

### ညောင်လေးပင်ခရိုင်

ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ် တပ်ရင်း(၅) စစ်ဒေသအတွင်း KNLAမှ စုပေါင်းတပ်ဖွဲ့သည် ၂၈-၂-၂၀၀၁ရက်နေ့ နံနက်(၇)နာရီ(၂၀)မိနစ်အချိန် မြေနီကုန်းနှင့် ဘလဲရွာအကြား ဒီကေဘီအေ တပ်ဖွဲ့အား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ (၈)နာရီအချိန်တွင် ဒီကေဘီအေ၏ မြေနီကုန်းစခန်းအား မီးရှို့ဖျက်ဆီးခဲ့သည်။ယင်းနောက် (၁၁)နာရီ(၃၀)မိနစ်အချိန်တွင် နအဖ ခမရ(၄၄၀)အား မြေနီကုန်းနှင့်ရန်မျိုးအောင်ရွာအကြား စောင့်ကြိုတိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ပွဲ(၂)ခုလုံးတွင် ဒီကေဘီအေဘက်မှ ဗိုလ်စောခူမူး အပါအဝင် (၄)ဦးသေဆုံးခဲ့သည်။ဗိုလ်အောင်ကြီးအပါအဝင် (၃)ဦး ဒဏ်ရာရရှိ။နအဖ ခမရ(၄၄၀)မှ တပ်ကြပ်ကြီး(၁)ဦးအပါအဝင် (၂)ဦး သေဆုံး၊ ဒုဗိုလ်(၁)ဦးအပါအဝင် (၄)ဦး ဒဏ်ရာရရှိ။ KNLAမှ (၃)ဦး ဒဏ်ရာရရှိ။

### ရွှေကျင်မြို့နယ်

၂-၃-၂၀၀၁ရက်နေ့က နအဖ ခမရ(၁၂၀)မှ တပ်ဖွဲ့တဖွဲ့သည် တောတွင်း၌ ပုန်းအောင်းနေသော ရွာသား (၇)ဦးအား ဖမ်းဆီးခဲ့။ ကလောဂိုရွာသားများပိုင် ပစ္စည်းများအားလုံးကို သိမ်းယူပြီး၊ အိမ်(၁)လုံးနှင့် တောင်ယာခင်း (၃)ခင်းအား မီးရှို့ခဲ့ကြောင်း သိရှိရ။

### တောင်ငူခရိုင်

ထန်းတပင်မြို့နယ်အတွင်း KNLAမှ တပ်ဖွဲ့များနှင့်နအဖတပ်များ (၆-၃-၂၀၀၁) ရက်နေ့တွင် ခူလယ်ဒဲနှင့် ပနာဝါဆိုးရွာကြားတွင် တကြိမ်၊ (၂-၂-၂၀၀၁)ရက်နေ့က ကိုးဒေးရွာအနီးတွင်(၁)ကြိမ် တိုက်ပွဲဖြစ်ပွားရာ နအဖ ခလရ(၄၈)မှ တပ်ကြပ်(၁)ဦးအပါအဝင် (၂)ဦးသေဆုံး၊ (၄)ဦး ဒဏ်ရာရရှိ။

(၁၀-၃-၂၀၀၁)ရက်နေ့ နံနက် (၁၀)နာရီ မိနစ်(၂၀)အချိန် သဲတော်မြို့နယ်အတွင်းရှိ ဒီဒါးခိုနှင့်မိုဝါခေါ် ရွာကြား တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ (၃)ဦးသေဆုံး၊(၂)ဦး ဒဏ်ရာရရှိ။

တဖန်(၁၂-၇-၂၀၀၁)ရက်နေ့ နံနက်(၈)နာရီအချိန် သဘားဖယ်ရွာအနီး နအဖ-ခမရ(၅၃၁)နှင့် တိုက်ပွဲဖြစ်ပွားပြန်ရာ နအဖဘက်မှ တပ်ကြပ်ကြီး(၁)ဦးနှင့် ပေါ်တာ(၁)ဦးသေဆုံး။ ဒုခွဲမှူး(၁)ဦး၊ တပ်ကြပ်(၁)ဦး၊ တပ်သား(၁)ဦး ဒဏ်ရာရရှိ။

### ဒူးပလာယာခရိုင်

(၂၇-၁-၂၀၀၁)ရက်နေ့ နံနက်(၅)နာရီ(၅၀)မိနစ်အချိန် KNLA တပ်ရင်း(၁၆)မှတပ်ဖွဲ့နှင့် နအဖ ခလရ(၂၁၉)မှ တပ်ဖွဲ့တို့ တခတ်ထရွာအတွင်း တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ(၁)ဦးသေဆုံး၊ (၁)ဦး ဒဏ်ရာရရှိ။

(၃၁-၁-၂၀၀၁)ရက်နေ့ နံနက် (၅)နာရီ(၅)မိနစ်အချိန် KNLA တပ်ရင်း(၁၈)မှ တပ်ဖွဲ့တဖွဲ့နှင့် နအဖလက်အောက်ခံ ငြိမ်းချမ်းရေးတင်ဝင်း ဦးစီးအဖွဲ့တို့ ပဲကတောချောင်းတံတားတွင် တိုက်ပွဲဖြစ်ပွားရာ ငြိမ်းချမ်းရေးတင်ဝင်းအဖွဲ့ဘက်မှ (၁)ဦးသေဆုံး၊ (၁)ဦး ဒဏ်ရာရရှိ။

(၂-၂-၂၀၀၁)ရက်နေ့ည (၈)နာရီအချိန် ကော့ကရိတ်မြို့ထိပ်ရှိ နအဖ-ခလရ(၉၇)၊ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့၊ပြည်သူ့ရဲ ထုတ်နှုတ်ပူးပေါင်းအဖွဲ့၏ သစ်ပုံစခန်းအား KNLA တပ်ရင်း(၁၈)မှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်။ နအဖ အဖွဲ့ဝင်များအားလုံးထွက်ပြေး။ AK(၁)လက်၊ ပြည်သူ့ရဲသုံး ရိုင်ဖယ် (၂)လက်၊ AK (၄၇)ကျည်ဆံ(၆၄)တောင့်၊ ကျည်ကဒ်(၄)ခု၊ အိတ်ကွင့်မင့်(၁)စုံ၊ ဘက်နက်(၁)လက်၊ဘေးလွယ်အိတ်(၁)လုံး၊ သိမ်းဆည်းရမိ။ ထိခိုက်ကျဆုံးမှု မသိရ။

(၈-၂-၂၀၀၁) ရက်နေ့ နံနက် (၁)နာရီ(၄၇)မိနစ်အချိန် KNLA တပ်ရင်း (၁၆)မှ တပ်ဖွဲ့တဖွဲ့နှင့် နအဖ-ခမရ(၇၀၅)စစ်ကြောင်း-၂ ဒု-စစ်ကြောင်းမှူး ရန်သိမ်းအဖွဲ့တို့ ကခက်ထရွာအနီးတိုက်ပွဲဖြစ်ရာ နအဖဘက်မှ (၄)ဦးသေဆုံး၊ (၃)ဦး ဒဏ်ရာ ရရှိ။

(၁၃-၂-၂၀၀၁)ရက်နေ့က KNDO တပ်ရင်း(၆)ခွဲ(၁)နှင့် နအဖ-ခမရ(၅၄၅)တို့ ယာသဲကတ်ကားလမ်းဘေးတွင်တိုက်ပွဲဖြစ်ရာ နအဖ ဘက်မှ (၁)ဦးသေဆုံး၊ (၂)ဦး ဒဏ်ရာရရှိ။

(၂၃-၂-၂၀၀၁) ရက်နေ့တွင် KNDO တပ်ရင်း(၆) ခွဲ(၁)သည် နအဖထံအညံ့ခံသွားသော စောသမူဟဲအဖွဲ့အား ဘာတ်လီချောင်းတံတားတွင် ဝင်ရောက်တိုက်ခိုက်ရာ စောသမူဟဲအဖွဲ့မှ(၁)ဦးသေဆုံး၊ အိကွီမင့်(၂)စုံ၊ လက်ပစ်ဗုံး(၁)လုံး၊စစ်ဖိနပ်(၁)ရံ၊ ဘေးလွယ်အိတ်(၁)လုံး၊ M.16 ကျည်(၁၇၀)တောင့်၊AK ကျည်(၁၈၀)တောင့် သိမ်းဆည်းရမိ။

(၆-၃-၂၀၀၁)ရက်နေ့KNLA တပ်ရင်း(၁၆)သည် တနေးကျူရှိနအဖ ခမရ(၃၄၃) စခန်းတခုအား(၁၀)မိနစ်ကြာ ဝင်ရောက်တိုက်ခိုက်ရာ နအဖ တပ်သားများ အလောင်း (၁)လောင်း ချည်ထားပြီး အားလုံးထွက်ပြေး။ G.3 (၁)လက်၊ယင်းကျည်ဆံ(၁၇၀)တောင့်၊ ကျည်ကပ်(၇)ခု၊ လမ်းလျှောက်စကားပြောစက် (V.68)၁လုံး၊ ရေဗူး(၃)လုံး၊ ဟန်းကော(၂)လုံး၊အိကွီမင့်(၃)စုံ၊ကျောပိုးအိတ်(၂)လုံးနှင့် စာရွက်စာတမ်းများ သိမ်းဆည်းရမိပြီး၊အဆိုပါ နအဖ စခန်းအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(၅-၇-၂၀၀၁) ရက်နေ့ နံနက် (၁၀)နာရီ(၂၅)မိနစ်အချိန် KNLA တပ်ရင်း(၁၈)မှ တပ်ဖွဲ့သည် နအဖ-ခမရ(၅၄၅)အား တအေးဆေးပလောဖဒိုရွာအနီး နို့ဖိုးချောင်းတွင် ဝင်ရောက်တိုက်ခိုက်ရာ နအဖဘက်မှ (၁)ဦးဒဏ်ရာရရှိ။ တိုက်ပွဲဖြစ်ပွားခြင်းကို မကျေနပ်ဟုဆိုကာ နအဖတပ်မှ အနီးရှိ တဲရှင်အားပစ်သတ်ပြီး၊ ကာလတန်ဖိုး နှစ်သောင်းခန့်ရှိသော ပစ္စည်းများအား လုယူသွား။ထိုနေ့ညနေ (၃)နာရီ(၁၅)မိနစ်မှာပင် နအဖ-ခမရ (၅၄)မှ တပ်ဖွဲ့တဖွဲ့အား KNLA တပ်ရင်း(၁၈)မှ တပ်ဖွဲ့တဖွဲ့က လေးတောထရွာ ရေဆိပ်တွင် ပြောက်ကျား ဝင်ရောက်ပစ်ခတ်ရာ နအဖဘက်မှ တပ်ကြပ်ကြီး(၁)ဦးသေဆုံး။ ဒုဗိုလ် (၁)ဦး ပြင်းထန်စွာဒဏ်ရာရရှိ။ ❖❖❖

# နယ်စပ် ဒိုင်ယာရီ

## နောက်ကျောဖုံးမှ အဆက်

ဂျပန်နိုင်ငံက ကူညီထောက်ပံ့မည့် အစီအစဉ်အား KNUမှ ကန့်ကွက်၊ KNU ကြေညာချက်တွင် လူ့အခွင့်အရေး ချိုးဖေါက်မှုများ မြန်မာပြည်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြစ်ပွားနေကြောင်း၊ထောက်ပံ့မှုမှာ လူထုထံသို့ မရောက်နိုင်ကြောင်း၊ယခုအချိန်မှာ ထောက်ပံ့မှုများအတွက် စောနေသေးကြောင်း ရေးသားထား။

### ၂၀၀၁ခုနှစ်၊ မေလ(၇)ရက် တနင်္လာနေ့

ထိုင်းစစ်တပ်မှ နအဖစစ်တပ်များနှင့် UWSA 'ဝ'တပ်များ သိမ်းပိုက်တပ်စွဲထားသော ချင်းမိုင်ခရိုင်နယ်စပ်မှ ဟွာလုံးတောင်ကုန်းကို လက်နက်ကြီးများဖြင့် ပစ်ခတ်။

၎င်းတောင်ကုန်းမှာ ထိုင်းနိုင်ငံပိုင်နက်အတွင်းဖြစ်ကြောင်း နယ်စပ်ကော်မတီသို့ ထိုင်းဖက်မှကန့်ကွက်၊ ၎င်းဒေသမှ ထိုင်းရွာသား(၈၀၀)ကျော် လုံခြုံရာဒေသသို့ရွှေ့ပြောင်း။

### ၂၀၀၁ခုနှစ်၊မေလ(၉)ရက် ဗုဒ္ဓဟူးနေ့

ဟွာလုံးတောင်ကုန်းကို သိမ်းပိုက်ထားသော UWSA 'ဝ'တပ်ဖွဲ့များ မဆုတ်ခွာသေး။ ထိုင်းစစ်တပ်သတင်းများအရ 'ဝ'တပ်သား(၃၀)ရှိနေကြောင်း၊ ထိုင်းတပ်ဖွဲ့၏ အာရက်ဦးစီးနင်းမှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကို ကြံ့ကြံ့ခံနေကြောင်း၊ 'ဝ'တပ်သား(၁၀)ယောက်မျှ သေဆုံးပြီဖြစ်ကြောင်းသိရှိရ။

ဒေသတွင်းမူးယစ်ဆေးဝါးဆန့်ကျင်ရေး ကွန်ဖရင့်တက်ရောက်ရန် ရန်ကုန်တွင် ရောက်ရှိနေသော ထိုင်းဝန်ကြီးချုပ်ရုံး ဝန်ကြီး သမာရတ် အီစရန်ဂူရာ မြန်မာအရာရှိများနှင့် တံခါးပိတ်အစည်းအဝေးတက်ရောက်၊ 'ဝ'တပ်ဖွဲ့များပြန်ဆုတ်ခွာပေးရန် မြန်မာစစ်အုပ်စုကို တောင်းဆိုခဲ့ကြောင်းသိရ။

### ၂၀၀၁ခုနှစ်၊ မေလ(၁၁)ရက် သောကြာနေ့

ထိုင်းလေတပ်မှ အက်ဖ်(၁၆)တိုက်လေယာဉ်များ နယ်စပ်တလျှောက်ပျံသန်း၊ လေယာဉ်များ'ဝ'တပ်ဖွဲ့များသိမ်းယူထားသော ဟွာလုံး တောင်ကုန်းတကြောနှင့် DKBAတပ်များရှိသော နယ်မြေများ အတွင်းသို့ ဗုံးများကြဲချကြောင်း သတင်းများထွက်ပေါ်။

### ၂၀၀၁ခုနှစ်၊ မေလ(၁၂)ရက် စနေနေ့

ထိုင်းစစ်တပ်တိုက်လေယာဉ်များ၏ ပစ်ခတ်မှုကြောင့် ရှမ်းပြည်နယ် မိုင်းယောင်းမြို့အနီးရှိ ရွာတရွာမှ ရွာသား (၅)ဦးဒဏ်ရာရရှိကြောင်း၊ မြန်မာ စစ်အုပ်စုက ပြောဆို၊ ထိုင်းစစ်တပ်မှ ယင်းစွပ်စွဲချက်အခြေအမြစ်မရှိကြောင်း ထိုင်း တိုက်လေယာဉ်များ ပုံမှန်ပျံသန်းမှုသာ လုပ်ခဲ့ကြောင်း ငြင်းဆို။

မြန်မာစစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်ကြီးမောင်အေးက မည်သည့် ပြည်တွင်း၊ပြည်ပအန္တရာယ်ကိုမဆို မြန်မာ့တပ်မတော်က မောင်းထုတ်နိုင်ကြောင်း ဗိုလ်သင်တန်းဆင်းပွဲတွင် ပြောကြား။

မြန်မာစစ်အစိုးရနှင့် ရှေ့တန်းတပ်များအကြား နားလည်မှုလွဲမှားရကြောင်း၊ ထိုင်းတိုက်လေယာဉ်များ ဗုံးမကြဲကြောင်း၊ ပြဿနာအရင်းခံမှာ နှစ်နိုင်ငံနယ်စပ်ရှိ တိုင်းရင်းသားသူပုန်များကြောင့် ဖြစ်ကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီး ချာဗာလစ်ယောင်ချာယုမှ သတင်းထောက်များကို ပြောကြား။ယင်း ပြောကြားချက်အပေါ် ထိုင်းနိုင်ငံရေး အတိုက်အခံများ၊ ထိုင်းစစ်တပ်နှင့် သတင်းစာများမှ ဝေဖန်သံများထွက်ပေါ်ခဲ့၊ ထိုင်း အစိုးရအနေဖြင့် နောက်အပတ်တွင် နယ်စပ်အရေးနှင့်ပတ်သက်၍ ပေါ်လစီနှင့် ဆောင်ရွက်ချက်များအား လွှတ်တော်တွင်ဆွေးနွေးပေးရန် အတိုက်အခံများက ပြောဆို။

### ၂၀၀၁ခုနှစ်၊မေလ(၁၃)ရက် တနင်္ဂနွေနေ့

ကရင်ပြည်နယ် ကော့ကရိတ်မှ မြဝတီသို့မောင်းနှင်လာသောဘတ်စ်ကား (၃)စီးအား တိုက်ခိုက်မှုဖြစ်ပွား၊ ကားမောင်းသမားတဦးသေဆုံးပြီး (၅)ဦး ဒဏ်ရာရ။ မြန်မာစစ်အာဏာပိုင်များက KNU ၏လက်ချက်ဖြစ်ကြောင်း စွပ်စွဲ၊ KNU၏ပြောဆိုချက်အရ ၎င်းတို့ လက်ချက်မဟုတ်ကြောင်း၊ အကယ်၍ ၎င်းတို့ အနေနှင့်တိုက်ခိုက်မည်ဆိုလျှင် အရပ်သားများကို မပစ်ခတ်ဘဲ မြန်မာစစ်တပ်နှင့် DKBA တပ်များကိုသာ ရွေးချယ် တိုက်ခိုက်မည်ဟု ပြောကြောင်းသိရ။

### ၂၀၀၁ခုနှစ်၊မေလ(၁၄)ရက် တနင်္လာနေ့

ထိုင်းနှင့်မြန်မာ အပြန်အလှန် စွပ်စွဲချက်များကိုရပ်တန့်ပြီး မူးယစ်ဆေးဝါး နှိမ်နင်းရေး လုပ်ငန်းများပူးပေါင်း ဆောင်ရွက်သွားရန် ကတိပြုကြောင်း၊ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကွန်ဖရင့် တက်ရောက်အပြီး ရန်ကုန်မှပြန်လာသော ထိုင်း ဝန်ကြီးချုပ်ရုံး ဝန်ကြီး သမာရတ် အီစရန်ဂူရာ က သတင်းထောက်များကို ပြောကြား။

### ၂၀၀၁ခုနှစ်၊မေလ(၁၆)ရက် ဗုဒ္ဓဟူးနေ့

ထိုင်း–မြန်မာနယ်စပ်တလျှောက် အမေရိကန်နှင့် ထိုင်းစစ်တပ်ပူးတွဲ၍ Cobra Gold အမည်ရှိ စစ်ရေးလေ့ကျင့်မှုများစတင်ခဲ့ပြီးမကြာခင် မြန်မာပြည်ပိုင်နက်အားကျူးကျော်လျှင် တန်ပြန်တိုက်ခိုက်ရန်အသင့်ရှိကြောင်း မြန်မာစစ်အုပ်စု ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်ကျော်ဝင်းက ပြောကြား။

"မြန်မာစစ်တပ်အနေနဲ့ 'ဝ'နယ်မြေကို တိုက်ခိုက်လာမယ့် မည်သူ့ကိုမဆို 'ဝ'တပ်ဖွဲ့များနဲ့ပူးပေါင်းပြီး မြန်မာ့နယ်နိမိတ်ကို ကာကွယ်သွားရမယ်။ အခုဆိုရင် အိမ်နီးချင်းမိတ်ဆွေ တရုတ်နိုင်ငံက ထောက်ပံ့မှုတွေနဲ့ လျှင်မြန်စွာတိုးတက်ဖွံ့ဖြိုးနေပြီ။ထိုင်းနိုင်ငံရဲ့ တင်းမာတဲ့သဘောထားကြောင့် 'ဝ'နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှောင့်နှေးနေရတယ်"

ထိုင်းစစ်တပ်မှ ရှမ်းပြည်တောင်ပိုင်း မိုင်းယောင်းမြို့သည် 'ဝ'ဘိန်းမှောင်ခိုများ၏မြို့တော်တခုဖြစ်ပြီး မူးယစ်ဆေးဝါးမှ ရရှိသောငွေမည်းများဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း ယုံကြည်ကြ။

### ၂၀၀၁ခုနှစ်၊မေလ(၁၇)ရက် ကြာသာပတေးနေ့

ထိုင်း–မြန်မာနယ်စပ် ယခင်ခွန်ဆာ၏ဌာနချုပ်ဟောင်း လွိုင်လန်းတောင်ကုန်း အမှတ်(၃၅)တွင် စခန်းထိုင်နေသော ထိုင်းစစ်တပ်များဆုတ်ခွာရန် မြန်မာစစ်အုပ်စုက တောင်းဆို၊ထိုင်းဘက်မှ ထိုင်းပိုင်နက်ဖြစ်ကြောင်း ပြောဆိုနေမှုအပေါ် ပယ်ချလိုက်ပြီး မဆုတ်ခွာလျှင် အင်အားသုံးတိုက်ခိုက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်။

ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့တွင် မြန်မာကုန်သည်တဦးထံမှ မြန်မာငွေ(၁၀၀)တန် ငွေစက္ကူအတုများတွေ့ရှိ၊ ၎င်းကုန်သည်မှာ နအဖစစ်အုပ်စု ခေါင်းဆောင် ဗိုလ်ချုပ်ခင်ညွန့်နှင့် တူတော်စပ်သူ၏ တပည့်ဖြစ်ကြောင်း သတင်းရရှိ။

### ၂၀၀၁ခုနှစ်၊မေလ(၁၉)ရက် စနေနေ့

ထိုင်းစစ်တပ် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချူလာနော့နှင့် အမှတ်(၃)တပ်မမှူး ဝပ်တနာချင်းတို့ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်နယ်စပ်သို့ စစ်ဆေးကြည့်ရှု၊ထိုင်းအမှတ်(၃) တပ်မမှူးက "အခုဆို နယ်စပ်အခြေအနေ ပြန်တည်ငြိမ်လာနေပြီ၊ နှစ်နိုင်ငံအပြန်အလှန်စွပ်စွဲတာတွေလည်း ရပ်ထားလိုက်ပြီ၊ဒါပေမယ့် ထိုင်းအချုပ်အခြာနယ်မြေထဲ ကျူးကျော် လာရင်တော့ ပြတ်ပြတ်သားသား တုန့်ပြန်ရမှာပဲ"ဟု သတင်းထောက်များကို ပြောကြား။

### ၂၀၀၁ခုနှစ်၊မေလ(၂၁)ရက် တနင်္လာနေ့

(၄၃)ကြိမ်မြောက် ရှမ်းအမျိုးသားတော်လှန်ရေးနေ့အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ် မြန်မာဘက်ခြမ်း ရှမ်းပြည်နယ် လွိုင်တန်းလန်တောင်တန်းပေါ်တွင်ကျင်းပ၊ အက်စ်အက်စ်အေ တပ်ဖွဲ့များ စစ်ရေးပြ၊ ရှမ်းပြည်ပြန်လည်တည်ဆောက်ရေးကောင်စီဥက္ကဌ ဗိုလ်မှူးကြီး ယော့ဆက်က "ကျနော်တို့အားလုံးဟာ ဝမ်းနည်းကြေကွဲဖွယ် ဘဝတွေထဲ နေထိုင်ရှင်သန်နေကြရတယ်။ ကျနော်တို့ ဟာ ကိုယ်ပိုင်လယ်ယာမြေတွေကို မစိုက်ပျိုးနိုင်ဘူး၊ မရိတ်သိမ်းနိုင်ကြဘူး၊ ကျနော်တို့ကလေးငယ်တွေ ပညာ မသင်နိုင်ကြဘူး။မြန်မာစစ်တပ်တွေ ရှမ်းပြည်ကို သိမ်းပိုက်လိုက်ကတည်းက ကျနော်တို့ မြေမှာ ကျနော်တို့အတွက် ဘာ အခွင့်အရေးမှ မရှိတော့ဘူး။ ကျနော်တို့တွေ ဂိုဏ်း ဂဏ အုပ်စုတွေ ကြာရှည်ကွဲပြားနေမယ်ဆိုရင် ကျနော်တို့ပန်းတိုင်ကို ရောက်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ကျနော်တို့ ညီညွတ်ကြရမယ်"ဟု မိန့်ခွန်း ပြောကြား။

### ၂၀၀၁ခုနှစ်၊မေလ(၂၂)ရက် အင်္ဂါနေ့

ထိုင်း ဂီတအနုပညာရှင် ဆုရာချင်း၊ ရုပ်ရှင်မင်းသမီး ပရီယာနွတ်နှင့် ရုပ်မြင်သံကြားဇာတ်လမ်းထုတ်ဝေသူ နော့ပိုးတို့ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုကြောင့် ဘတ်ငွေ(၃၀၀၀)စီ ဒဏ်တပ်ခံရမည်ဖြစ်ကြောင်း ထိုင်းလူဝင်မှု ကြီးကြပ်ရေး အရာရှိများကပြောကြား။ ၎င်းတို့(၃)ဦးမှာ မနေ့က ကျင်းပခဲ့သော အက်စ်အက်စ်အေ၏ ရှမ်းအမျိုးသားတော်လှန်ရေးနေ့အခမ်းအနား တက်ရောက်ရန် အက်စ်အက်စ်အေနယ်မြေသို့ သွားရောက်ခဲ့။

နိုင်ငံရေးသီချင်းများဖြင့် ပရိတ်သတ်၏ လေးစားနေရာပေးခြင်း ခံရသော အဆိုတော်ဆုရာချိုင်းက "မြူနှင်းကြားမှ ညီနောင်များ" သီချင်းဖြင့် ဖျော်ဖြေသီဆိုခဲ့ကြောင်း သတင်းရရှိ။

### ၂၀၀၁ခုနှစ်၊မေလ(၂၃)ရက် ဗုဒ္ဓဟူးနေ့

ထိုင်းနိုင်ငံနယ်စပ် ဖန်းခရိုင်ရှိ ထိုင်းဘုရင့်တော်ဝင်စိုက်ပျိုးခင်းများကို မြန်မာဘက်မှ (၁၂၀)မမ အမြောက်ကြီးများ



ထိုင်း–မြန်မာနယ်စပ် တွင် ပူးတွဲကင်းစောင့်နေသော နအဖ စစ်သားနှင့် UWSA စစ်သားတဦး

ဖြင့် ပစ်ခတ်ကြောင်းသတင်းရရှိ။ ယင်းသို့ ပြုလုပ်ခြင်းသည် ထိုင်းပြည်သူများအပေါ် စော်ကားမှုဖြစ်ကြောင်း၊ ၎င်းကို သည်းခံမည်မဟုတ်ကြောင်း ထိုင်း ကြည်းတပ်ဦးစီးချုပ်ချူလာနော့က ပြောကြား။

ပြည်ပရောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် NCUB မြန်မာညွန့်ပေါင်းအတိုက်အခံအဖွဲ့နှင့် ထိုင်းနိုင်ငံ အထက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ ဘန်ကောက်မြို့ ထိုင်းပါလီမန်အဆောက်အဦတွင် ပထမဦးဆုံးအကြိမ်တွေ့ဆုံ၊ လတ်တလာဖြစ်ပျက်နေသော နယ်စပ်တင်းမာမှုဒုက္ခသည်များအရေး၊ ခတ်နေသည်အထိ ဆိုးရွားနေသောအခြေအနေများကို ဖြေရှင်းရန်လိုကြောင်း ပြောဆိုခဲ့။

ထိုင်းစစ်ဦးစီးချုပ် ချူလာနော့ ကလည်း ထိုင်း–မြန်မာနယ်စပ်ပြဿနာများ အစိုးရအချင်းချင်း စကားပြောရန်လိုအပ်သည်ဟု ပြောဆို။

မြန်မာစစ်အုပ်စုသည် နိုင်ငံတွင်းသုံး ကျပ်ငွေတန်ဖိုး ကျဆင်းနေခြင်း၊ ကမ္ဘာ့ကုလသမဂ္ဂ ပါဝင်ပတ်သက်နေရသည့် ပြည်တွင်းနိုင်ငံရေးအကျပ်အတည်းများ ကို ရှောင်ရှားရန်အတွက် ထိုင်းနိုင်ငံအား တင်းမာသူအဖြစ် ပုံဖေါ်တရားခံရှာခြင်း တရားမဝင်အလုပ်သမားအရေးနှင့် မူးယစ်ဆေးဝါးကိစ္စများ အပြန်အလှန်ဆွေးနွေးကြကြောင်း သတင်းရရှိ။

### ၂၀၀၁ခုနှစ်၊မေလ(၂၅)ရက် သောကြာနေ့

မြန်မာစစ်အုပ်စုမှထုတ်ဝေသော မြန်မာ့အလင်း သတင်းစာပါ ဒေါက်တာ မတင်ဝင်း၏ "ကျွန်မဖြစ်ပေမယ့် ကျွန်စစ်တယ်"ဆောင်းပါးတွင် ၁၇၅၆ခုနှစ်က မောင်းဂွတ်ဘုရင်ကို ဝေဖန်ရေးသားထားသောကြောင့် ထိုင်းလူမျိုးများ မခံမရပ်နိုင်ဖြစ်၊ထိုင်းနိုင်ငံခြားရေးဝန်ကြီးမှ မြန်မာစစ်အုပ်စုကို ကန့်ကွက်လွှာပေးပို့၊ ထိုင်းနိုင်ငံ မြောက်ပိုင်း ဖန်းခရိုင်ရှိ ရွာသား(၅၀၀၀)ကျော် မြန်မာဆန့်ကျင်ရေး ဆန္ဒပြ။

### ၂၀၀၁ခုနှစ်၊မေလ(၂၆)ရက် စနေနေ့

ထိုင်း–မြန်မာဖြစ်ပွားနေသော ပြဿနာများ အမြန်ဆုံးဖြေရှင်းရန် ထိုင်းကာကွယ်ရေးဝန်ကြီး ချာဗာလစ်က မဲဆောက်တွင် သတင်းထောက်များကို ပြောကြား။ မူးယစ်ဆေးဝါးပြဿနာ၊ တရားမဝင်အလုပ်သမားပြဿနာ၊ စစ်ပြေးဒုက္ခသည်ကိစ္စများ ပြေလည်အောင် ဖြေရှင်းနိုင်ရေးလိုလားကြောင်းနှင့် ထိုင်းဘုရင်ကိုပင် မြန်မာမီဒီယာများက ပုတ်လမ်းကြောင်းကို လျှောက်နေကြောင်း ဘန်ကောက်ထုတ် နေးရှင်းသတင်းစာခေါင်းကြီးတွင် ရေးသားထား။

### ၂၀၀၁ခုနှစ်၊မေလ(၂၈)ရက် တနင်္လာနေ့

ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့အပိုင် မဲ့တောင်ကျေးရွာတွင်းမှ စိတ်ကြွဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသော ကာဖေးအင်းအမှုန့် (၂)တန်ကို ထိုင်းစစ်တပ်မှ ဖမ်းဆီးရမိ။

### ၂၀၀၁ခုနှစ်၊မေလ(၃၀)ရက် ဗုဒ္ဓဟူးနေ့

ထိုင်းဝန်ကြီးချုပ် သက်ဆင် နောက်လ မြန်မာပြည်သွားမည်ဖြစ်ကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီး ချာဗာလစ်က ကြေညာ၊ ဇွန်လ တတိယပတ်တွင် နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ထိုင်းနိုင်ငံသို့ လာရောက်အပြီး ထိုင်းဝန်ကြီးချုပ်မှ အပြန်အလှန်သဘောဖြင့် မြန်မာပြည်သွားရောက်မည်ဖြစ်၊

### ၂၀၀၁ခုနှစ်၊ဇွန်လ(၁)ရက် သောကြာနေ့

အမေရိကန်နှင့် ထိုင်းတပ်များ ပူးတွဲလေ့ကျင့်နေသော Cobra Gold စစ်ရေးလေ့ကျင့်ခန်းများကို လေ့လာ ကြည့်ရှုရန် ထိုင်းကာကွယ်ရေးဝန်ကြီး ချာဗာလစ်က နအဖစစ်အုပ်စုကို ဖိတ်ကြားသင့်ကြောင်း သတင်းထောက်များကို ပြောဆို။

### ၂၀၀၁ခုနှစ်၊ဇွန်လ(၂)ရက် စနေနေ့

မေလ(၃၁)ရက်နေ့က မြန်မာ့အလင်းသတင်းစာတွင် ဖေါ်ပြခဲ့သော ဒေါက်တာ မတင်ဝင်း၏ ဖြေရှင်းချက်ဆောင်းပါးအပေါ် ထိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကောင်းမြင်ကြောင်း ပြောဆို၊ "တဖက်နဲ့တဖက် အပြန်အလှန်မီဒီယာက ပုတ်ခတ်နေတာတွေမရှိဘူး၊ နယ်စပ်တလျှောက်ပစ်ခတ်မှုတွေ မရှိတော့ဘူးဆိုရင် နှစ်နိုင်ငံအကြား တင်းမာနေမှုတွေ လျော့ပါးသွားလိမ့်မယ်"ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြား။

မိုးကြိုး
သတင်းသမားတဦး
ဘန်ကောက်ပို့စ်နှင့်
နေးရှင်းသတင်းစာများမှ
ထုတ်နှုတ်ဖေါ်ပြပါသည်

မိုးကြိုး သတင်းစဉ်
ဆောင်းပါးများ၊သတင်းများနှင့်
ဝေဖန်အကြံပြုစာများ
ပေးပို့ဆက်သွယ်နိုင်ပါသည်။
P.O. Box (91)
Mae Sod, 63110
Tak
Thailand.
binamojo@cscoms.com

**တရားဝင်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများ၏ လွတ်လပ်စွာလှုပ်ရှားခွင့်အား ဝင်ရောက်စွပ်ဖက်သူမှန်သမျှ တာဝန်အရ ဖီဆန်ကြ**

# အန္တရာယ်ကြားမှ ငြိမ်းချမ်းရေးဆု



ချက်နိုင်ငံ သမ္မတကြီး ဗားကလက်ဟာဗဲလ် နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်နေကြသော ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ များအဖွဲ့ချုပ် ကိုယ်စားလှယ် ကိုဘိုကြည်နှင့် ကိုသားညွန့်ဦး

ဝုန်းကနဲ သူ လဲပြိုကျသွားပေါ့။ ဝိုင်းကန်ကြ နှက်ကြနဲ့ သူ့တကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်နေပြီ။ သူ့ကို အခန်းကျဉ်းတခုထဲ ပိတ်လှောင်ထားခဲ့တာပဲ။ နောက်တနေ့လည်း မေးခွန်းတွေနဲ့အတူ ရိုက်နှက်ထိုးကြိတ်မှုတွေက သူ့ကို ဆီးကြိုနေခဲ့တယ်။ မင်း ဘယ်သူတွေနဲ့လုပ်နေသလဲ.... မျက်နှာပေါ် လက်သီးတချက်။ သူတို့ ဘယ်မှာ ပုန်းနေသလဲ.... ဗိုက်ကို ခြေထောက်နဲ့ တချက်။မင်းတို့အားလုံး ဘယ်နှစ်ယောက်လဲ.... ကျောပြင်ကို ဒူးနဲ့တချက်။ ဒီစာရွက်ပေါ်မှာ လက်မှတ်ထိုးလိုက်တာနဲ့ မင်းကို ဒီနေရာကနေ လွှတ်ပေးလိုက်မယ်။ မမိုက်ချင်စမ်းပါနဲ့။နောက်ဆုံး

**ရဲနည် ဘာသာပြန်သည်**

လဲမကျခင် ခေါင်းကို အားယူမော့ရင်း ရှိသမျှခွန်အားနဲ့ "ဟင့်အင်း ...." လို့ သူ ငြင်းလိုက်တယ်။

ဒါဟာ မင်းကိုနိုင်ရဲ့ သမိုင်းစာမျက်နှာတပိုင်းတစ ဖြစ်ကောင်းဖြစ်လိမ့်မယ်။သူဟာ မြန်မာပြည်ဒီမိုကရေစီရေးလှုပ်ရှားမှုများကို ဦးဆောင်မှုကြောင့် ၁၉၈၉ခုနှစ်ကစလို့ ထောင်သွင်းအကျဉ်းချခံခဲ့ရပါတယ်။ဒါပေမယ့် သူ ဘာတွေဆက်ဖြစ်တယ်ဆိုတာ ကျနော်တို့ သိပ်မသိကြရဘူး။ ၁၉၈၉ခုနှစ်က ဒီနေ့ထိအောင် တယောက်ထဲ တိုက်ပိတ်ခံနေရပြီး လူအနည်းငယ်မျှလောက်ပဲ သူနဲ့

စာမျက်နှာ (၉) ကော်လံ (၁)သို့

## အမေရိကန်သွားတော့မည့် အမွှာညီနောင်



ဘုရားသခင်တပ်မတော်ခေါင်းဆောင်ဟောင်းများဖြစ်သည့် ဂျော်နီထူးနှင့် လူသာထူး

ဘုရားသခင်တပ်မတော် (God Army)၏ ခေါင်းဆောင်နှစ်ဦးဖြစ်သော ဂျော်နီနှင့် လူသာထူး အမွှာညီအကိုသည် မကြာမီကာလအတွင်း အမေရိကန်ပြည်ထောင်စုသို့ သွားရောက်အခြေချနေထိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၊ရပ်ချ်ဘူရီခရိုင် အုပ်ချုပ်ရေးမှူး ဖယက်ကဖန်ဖိုးကဲရိုး၏ ပြောဆိုချက်အရ အမေရိကန်ပြည်ထောင်စုသည် ၄င်းတို့အားလက်ခံရန် စိတ်ဝင်စားကြောင်း သိရသည်။

"အမေရိကန်သံရုံးကိုယ်စားလှယ်တယောက် ဒုက္ခသည်စခန်းကို လာပြီး အမွှာညီနောင်ရယ်၊ သူတို့ မိဘတွေရယ်၊ တခြား နောက်လိုက်တွေရယ် စုစုပေါင်း (၂၄)ယောက်ကို မေလ(၁၁)ရက်နေ့က တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ သူတို့အားလုံးဟာ တရားဝင်ဆုံးဖြတ်ချက်မချခင် အမေရိကန်လူဝင်မှုကြီးကြပ်ရေးအရာရှိတွေနဲ့ ဒုတိယအကြိမ် ထပ်တွေ့ရပါဦးမယ်"

အမွှာညီနောင်နှင့် ဘုရားသခင်တပ်မတော်သည် လွန်ခဲ့သော(၄)နှစ်က နအဖစစ်အုပ်စု၏ တပ်ဖွဲ့များကို လက်နက်စွဲကိုင်ကာ ဆန့်ကျင် တိုက်ခိုက်ခဲ့ကြသူများဖြစ်သည်။ ထို့နောက် ထိုင်းအစိုးရထံတွင် ယခု နှစ် ဇန်နဝါရီလက လက်နက်ချခဲ့ပြီး ရပ်ချ်ဘူရီခရိုင် ဒုက္ခသည်စခန်းတွင် ထိုင်းအစိုးရ၏ စောင့်ရှောက်မှုဖြင့် ခိုလှုံနေထိုင်လျက်ရှိသည်။

# နယ် စပ် နိုင် ယာ ရီ

### ၂၀၀၁ခုနှစ်၊မေလ(၁)ရက် အင်္ဂါနေ့

ထိုင်း–မြန်မာနယ်စပ် တာ့ခ်ခရိုင်အတွင်းရှိ ဖုတ်ဖမြို့နယ်အပိုင် မော်လီချိုင်းကျေးရွာအား ဒီကေဘီအေ တပ်များက ဝင်ရောက်တိုက်ခိုက်။ထိုင်း စစ်တပ်မှပြန်လည်တိုက်ခိုက်။ တိုက်ပွဲ(၁) နာရီကျော်ကြာ။ ထိုင်းရွာသား (၃)ဦးသေဆုံး။ (၅)ဦးဒဏ်ရာရ။ထိုင်းစစ်တပ်မှ(၂)ဦးကျဆုံး။ ဒီကေဘီအေနှင့် ပတ်သက်သောမူးယစ်ဆေးဝါးများကို ထိုင်းစစ်တပ်မှဖမ်းဆီးခြင်းအပေါ် လက်တုန့်ပြန်ခြင်းဖြစ်နိုင်။

### ၂၀၀၁ခုနှစ်၊မေလ(၂)ရက် ဗုဒ္ဓဟူးနေ့

အက်စ်အက်စ်အေ တပ်ဖွဲ့များသိမ်းပိုက်ထားသော ပါခီးစခန်းကို နအဖတပ်ဖွဲ့များက ပြန်လည်သိမ်းပိုက်။ အက်စ်အက်စ်အေခေါင်းဆောင် ဗိုလ်မှူးကြီးယော့ဆက်က "မိမိတို့ ရည်ရွယ်ချက်ပြည့်ခဲ့ပြီး ယခုအောင်မြင်စွာဆုတ်ခွာနိုင်ခဲ့ကြောင်း။ နအဖတပ်သား(၆၀) ကျော် ကျဆုံးပြီး(၁၀၀)ကျော် ဒဏ်ရာရကြောင်း၊မိမိတို့ဘက်မှ (၁)ဦးကျဆုံးပြီး (၄)ဦးဒဏ်ရာရကြောင်း ပြောကြား။

### ၂၀၀၁ခုနှစ်၊မေလ(၃)ရက် ကြာသာပတေးနေ့

ထိုင်းအစိုးရအတွင်း မြန်မာနိုင်ငံအပေါ်ထားရှိသော ပေါ်လစီ သဘောထား ကွဲပြား။ ချာဗာလစ်မှ သာ့က်ဆင်ကိုတင်းမာသောသဘောထား မထားရှိရန် တိုက်တွန်း။ထိုင်း တပ်မ(၃)တပ်မှူး ဝပ်တနာချိုင်းမှ ယခုအခါ ယူဒဗလျူအက်စ်အေ 'ဝ'တပ်များသည် တာ့ခ်ခရိုင် တဖက်ခြမ်းနယ်စပ်ဒေသများတွင်ရောက်ရှိနေပြီး ဒီကေဘီအေ ကရင်တပ်ဖွဲ့များနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရေးတွင် ပူးပေါင်းလုပ်ကိုင်နေကြကြောင်း၊ ထိုင်းအစိုးရမှ ရန်ကုန်စစ်အုပ်စုနှင့် ဆက်ဆံရေး တိုးတက်ရန် ပြောဆိုနေကြသော်လည်း နယ်စပ်သို့ မြန်မာစစ်အုပ်စုတပ်များ စေလွှတ်နေခြင်းဖြင့် အခြေအနေကောင်းဖို့ မမြင်ကြောင်း ပြောဆို။



**ဗိုလ်မှူးကြီး ယွတ်ဆက်**

**ကျနော်တို့အားလုံးဟာ**
**ဝမ်းနည်းကြေကွဲဖွယ် ဘဝတွေထဲ**
**နေထိုင်ရှင်သန်နေကြရတယ်။**
**ကျနော်တို့ဟာ**
**ကိုယ်ပိုင်လယ်ယာမြေတွေကို**
**မစိုက်ပျိုးနိုင်ကြဘူး။**
**မရိတ်သိမ်းနိုင်ကြဘူး။**
**ကျနော်တို့ကလေးငယ်တွေ**
**ပညာမသင်နိုင်ကြဘူး။**
**မြန်မာစစ်တပ်တွေ ရှမ်းပြည်ကို**
**သိမ်းပိုက်လိုက်ကတည်းက**
**ကျနော်တို့မြေမှာ**
**ကျနော်တို့ အတွက်**
**ဘာ အခွင့်အရေးမှ**
**မရှိတော့ဘူး။ကျနော်တို့တွေ**
**ဂိုဏ်းဂဏ အုပ်စုတွေ**
**ကြာရှည် ကွဲပြားနေမယ်ဆိုရင်**
**ကျနော်တို့ပန်းတိုင်ကို**
**ရောက်နိုင်မှာ မဟုတ်ဘူး။**
**ဒါကြောင့်**
**ကျနော်တို့ညီညွတ်ကြရမယ်။**

### ၂၀၀၁ခုနှစ်၊ မေလ(၄)ရက် သောကြာနေ့

မန္တလေးမြို့ဈေးချိုဒ ဗုံးပေါက်ကွဲမှုဖြစ်၊ထိခိုက်ဒဏ်ရာရသူ များပြားကြောင်း သတင်းရရှိ၊ ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းရင်း မသိရသေး။နအဖစစ်အုပ်စုမှSSA၏လက်ချက်ဟု စွပ်စွဲ၍အထောက်အထားခိုင်လုံစွာ မတွေ့ရှိရသေး။

### ၂၀၀၁ခုနှစ်၊ မေလ(၆)ရက် တနင်္ဂနွေနေ့

ထိုင်းနယ်စပ်တာ့ခ်ခရိုင် သာဆောင်ယန်းမြို့နယ်တဖက်ခြမ်း မယ်လ အနီးမိုကွီးဖိုးစခန်းတွင်ရှိသည့် နအဖစစ်တပ် တပ်မ(၆၆)လက်အောက်ခံ ခမရ(၁၀၈) တပ်ရင်းမှ အင်အား(၂၅၀)ခန့်ကို KNU တပ်မဟာ(၇)နယ်မြေတပ်ရင်း(၁၀၁)၊ (၁၀၃)၊ (၂၀၁)တပ်များ ပူးတွဲတိုက်ခိုက်။ နအဖစစ်တပ်မှ(၆)ဦးသေ၊ (၄)ဦး ဒဏ်ရာရ။ KNUဘက်မှ(၁)ဦးဒဏ်ရာရ။ တောင်ကုန်း မသိမ်းပိုက်နိုင်သေးကြောင်း နအဖစစ်တပ်မှစစ်ကူတောင်းနေရကြောင်း KNU အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလာဖန်ပြော။ ၄င်းတိုက်ပွဲတွင် စစ်ကူစေလွှတ်ရန် ပေါ်တာလိုအပ်သဖြင့် နအဖစစ်တပ်မှ လှိုင်းဘွဲ့မြို့နယ်တွင် ပေါ်တာဆွဲနေကြောင်း သတင်းရရှိ။

ကယားပြည်နယ် လောပိတ ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံကို

စာမျက်နှာ(၁၁) ကော်လံ(၁)သို့



(၄၃)ကြိမ်မြောက် ရှမ်းပြည် တော်လှန်ရေးနေ့ အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ် မြန်မာဖက်ခြမ်းရှိ ရှမ်းပြည်နယ် လွိုင်တိုင်းလန်တောင်တန်းပေါ်တွင် ကျင်းပရာ အက်စ်အက်စ်အေတပ်ဖွဲ့များ စစ်ရေးပြချီတက်လာနေစဉ်

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ



မိုးကြိုး သတင်းစဉ်   အမှတ် (၂၀)











(၅)နှစ်မြောက် မြန်မာနိုင်ငံ အမျိုးသမီးများနေ့ နှင့်
၁၉၉၁ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗဲလ်ဆုရ ဒေါ်အောင်ဆန်းစုကြည်၏
(၅၆)နှစ်ပြည့် မွေးနေ့မင်္ဂလာအခါသမယတွင်
မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုံ အမျိုးသမီးအပေါင်း တို့၏ စွမ်းဆောင်ချက်များ
လွတ်လပ်စွာ ဖြစ်ထွန်းတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်

## မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကြိုးပမ်းမှုတွင်
အမျိုးသမီးများကရှေ့တန်းထွက်၍ တက်ကြွစွာလှုပ်ရှားနေသည်ကို
များစွာမှ ဂုဏ်ယူမိပါသည်။
မိမိတို့ကိုလည်းကောင်း၊ မိမိတို့မိသားစုများကိုလည်းကောင်း၊
ငြိမ်းခြောက်၍တမျိုး၊ မက်လုံးပေး၍တဖုံ နည်းပေါင်းစုံနှင့်
အာဏာပိုင်များက ဖိအားပေးနေငြားသော်လည်း
အဖွဲ့ချုပ်၏ ပြည်သူလူထု၏ဆန္ဒနှင့်ကိုက်ညီသော ဒီမိုကရေစီလမ်းစဉ်မှ
မတိမ်းမစောင်း၊ တည်မြဲမတ်ရဲရင့်စွာဖြင့်
အမျိုးသမီးများလျှောက်လှမ်းနေကြသည်မှာ နှစ်ထောင်းအားရဖွယ်ဖြစ်ပါသည်။
ဆယ်နှစ်ကျော်တာကာလကို ဖြတ်သန်းလာရာ၌
နိုင်ငံရေး၊ လူမှုရေးအရ တိုးတက်ရင့်ကျက်မှုရရှိခဲ့သော
အမျိုးသမီးများသည်
ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ခေါ်ယူရေးသည်
ဒီမိုကရေစီလမ်းစ ဖေါ်ထုတ်ရေးပင် ဖြစ်ကြောင်းကို ကောင်းစွာ နားလည်ကြပါသည်။
ဤကဲ့သို့ နားလည်မှုရှိသော အမျိုးသမီးများ၏ဆောင်ရွက်ချက်များသည်
ကျမတို့နိုင်ငံတွင်သာမက ကမ္ဘာတဝှမ်းတွင်
ကောင်းသောပြောင်းလဲချက်များ ဖြစ်ပေါ်လာစေမည်ဟု
ကျမလေးနက်စွာ ယုံကြည်ပါသည်။
နိုင်ငံရေးခံယူချက်အတွက် အကျဉ်းကျခံနေရသော အမျိုးသမီးများ၊
နိုင်ငံရေးအကျဉ်းသမားမိသားစုဝင် အမျိုးသမီးများနှင့်
အဖွဲ့ချုပ်က ပေးရာတာဝန်ကို နေရာမမက်၊ အကျိုးအမြတ်မရှာ၊
စိတ်အားထက်သန်စွာထမ်းဆောင်နေကြသော အမျိုသမီးများကို
ကျေးဇူးတင်စွာနှင့် ဂုဏ်ပြုလိုက်ပါသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏
၁၉၉၉ ခုနှစ် ဇွန်လက ပေးပို့သော သဝဏ်လွှာအား
ပြန်လည်ဖေါ်ပြထားခြင်း ဖြစ်ပါသည်



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ်　　အမှတ် (၂၀)

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၁၁) နှစ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်စာတမ်း



၁၉၄၇ခုနှစ်တွင် ဗြိတိသျှကိုလိုနီလက်အောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်အောင်ဆန်းကြားဖြတ် အစိုးရသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလအဖွဲ့မှ လွှတ်တော်အမတ်၉၀% ကျော် ရရှိခဲ့သောကြောင့် လွှတ်တော်အစည်းအဝေးတွင် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံအဖြစ်ရရှိစေရန် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

ဗြိတိသျှအစိုးရက ဒီမိုကရေစီနည်းဖြင့် ရွေးချယ်တင်မြှောက်သော ပြည်သူ့လွှတ်တော်အစည်းအဝေး၏ လွတ်လပ်ရေးပေးရန် ဆုံးဖြတ်ချက်ကို သဘောတူလက်ခံပြီး မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးခဲ့ပါသည်။၁၉၄၈ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်ပေါ်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ် ဂျူလိုင်လ(၁၉)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများသည် အမျိုးသားသစ္စာဖောက်တို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသောကြောင့် အတိုင်းမသိဝမ်းနည်းဖွယ်ရာ ဖြစ်ခဲ့ပါသည်။ ဆက်လက်၍ ဦးနုခေါင်းဆောင်သော ဖဆပလအစိုးရအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါသည်။၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုပြည်နယ်များ တည်ရှိနေမှုကြောင့် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။ ပြည်သူ့လွှတ်တော် ပါလီမန်အောက်လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ပါလီမန် အထက်လွှတ်တော်တို့ဖြစ်ပါသည်။ ယင်းလွှတ်တော်များကို ပြည်ထောင်စုပါလီမန်ဟုခေါ်ပါသည်။

ပါလီမန်က ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်ရေးအာဏာ စသည့် အာဏာ(၃)ရပ်ကို ပိုင်းခြားသတ်မှတ် ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်သမ္မတ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်တရားဝန်ကြီးချုပ်တို့သည် ပါလီမန်က ရွေးချယ်တင်မြှောက်ကြရပါသည်၊ ပါလီမန်ညီလာခံကို ရွေးကောက်ပွဲပြုလုပ်ပြီး ရက်ပေါင်း(၆၀) အတွင်း ကျင်းပရပါသည်။ ပါလီမန်ညီလာခံကို နှစ်စဉ် တနှစ်လျှင် အနည်းဆုံးတကြိမ် ကျင်းပရပါသည်။ ပါလီမန်လွှတ်တော်၏သက်တမ်းသည် (၄)နှစ်ဖြစ်ပါသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ မူလ လူ့အခွင့်အရေးများကို တိတိကျကျ ဖော်ပြထားပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကာကွယ်ရယူနိုင်သော အခွင့်အရေးများရှိကြောင်းပါရှိသည်။တောင်သူလယ်သမားများနှင့် အလုပ်သမားများအတွက် နိုင်ငံတော်၏ တာဝန်ဝတ္တရားများဟုလည်း ပါဝင်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲများကို ၁၉၅၂ ခုနှစ်၌တကြိမ်၊ ၁၉၅၆ ခုနှစ်၌ တကြိမ်၊၁၉၆၀ ခုနှစ်၌ တကြိမ် ကျင်းပခဲ့သည်။ ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်သောကြောင့် အတိုက်အခံအဖွဲ့အစည်းများလည်း ရှိခဲ့ပါသည်။

n n n n n n n n n n

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးတိုးတက်မှု အရှိဆုံးနိုင်ငံဖြစ်ရုံမျှမက နိုင်ငံတကာ၌လည်း ကြားနေရေးဝါဒကျင့်သုံးခဲ့ကာ၊ ကုလသမဂ္ဂအဖွဲ့ကြီးတွင် ထင်ပေါ် ကျော်ကြားခဲ့ပြီး ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILOတွင် အဆင့်မြင့်နေသော အလုပ်သမားအခွင့်အရေးများရရှိကြောင်း ထင်ပေါ်ခဲ့ပါသည်။ ဆိုရှယ်လစ်ဒီမိုကရေစီကာလ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အာဏာရနိုင်ငံရေးအဖွဲ့အစည်းများ ကွဲပြဲခဲ့ကြခြင်းနှင့် တိုင်းရင်းသားလူမျိုးစုများက ဖယ်ဒရယ်နိုင်ငံစစ်စစ် တည်ထောင်လိုသည်ဆိုသော ပြဿနာရှိခဲ့မှုကြောင့် ၁၉၆၂ ခုနှစ်၊မတ်လ(၂) ရက်နေ့တွင် တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ပြည်ထောင်စုကြီးပြိုကွဲမည်ကို စိုးရိမ်သည်ဆိုကာ ပါလီမန်အစိုးရအား ဖြုတ်ချဖမ်းဆီးပြီး အာဏာသိမ်းခဲ့ပါသည်။ တိုင်းပြည်အတွက် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး အခြေတကျဖြစ်နေသော ပါလီမန်ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပါ ပယ်ဖျက်ထားပါသည်။ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ ရှမ်းစော်ဘွားများလည်း ဖမ်းဆီးခံကြရပါသည်။နိုင်ငံရေးပါတီများကိုလည်း ဖျက်သိမ်းခဲ့ပြီး ပါတီခေါင်းဆောင်များပါ ဖမ်းဆီးခြင်းခံကြရသည်။

အာဏာသိမ်းစစ်ခေါင်းဆောင်က တော်လှန်ရေးကောင်စီ ဖွဲ့စည်းပြီး၊ တော်လှန်ရေးကောင်စီက အစိုးရတရပ်ဖွဲ့ကာ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ပါသည်။တော်လှန်ရေးကောင်စီ၏ ရည်ရွယ်ချက်၊လုပ်ငန်းစဉ်များမှာ တိုင်းပြည်တွင် ဆိုရှယ်လစ်စီးပွားရေးစနစ် ထူထောင်၍ နိုင်ငံရေးပြောင်းလဲရန် ဖြစ်ပါသည်။ ပါလီမန်ဒီမိုကရေစီစနစ်က ရှိခဲ့သော အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များကို အမျိုးမျိုးပြောင်းလဲခဲ့သည်။ စီးပွားရေးစနစ်တွင် ပုဂ္ဂလိကစီးပွားရေးစနစ် ဖျက်သိမ်းရမည်ဆို၍ ပုဂ္ဂလိကကုမ္ပဏီများ ကုန်တိုက်ကြီးများ ပွဲရုံများ ကုန်စုံဆိုင်များပါမကျန် ပြည်သူပိုင်သိမ်းခြင်း ခံရပါသည်။ ငွေလုံးငွေရင်းများပါ အသိမ်းခံရသည်။



**၁၉၆၂ ခုနှစ်၊မတ်လ(၂) ရက်နေ့တွင်**
**တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက**
**ပြည်ထောင်စုကြီးပြိုကွဲမည်ကို စိုးရိမ်သည်ဆိုကာ**
**ပါလီမန်အစိုးရအား ဖြုတ်ချဖမ်းဆီးပြီး အာဏာသိမ်းခဲ့ပါသည်။**
**တိုင်းပြည်အတွက် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး**
**အခြေတကျဖြစ်နေသော**
**ပါလီမန်ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံ၏**
**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပါ ပယ်ဖျက်ထားပါသည်။**
**တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များ၊**
**ရှမ်းစော်ဘွားများလည်း ဖမ်းဆီးခံကြရပါသည်။**
**နိုင်ငံရေး ပါတီများကိုလည်း ဖျက်သိမ်းခဲ့ပြီး**
**ပါတီ ခေါင်းဆောင်များပါ ဖမ်းဆီးခြင်းခံကြရသည်။**



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

**မိုးကြိုး သတင်းစဉ်     အမှတ် (၂၀)**



ပြည်သူ့လွှတ်တော် ဥက္ကဌကြီးအဖြစ် ရွေးကောက်တင်မြှောက်ထားခြင်းခံရသော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးစောမြအောင် နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်

စီးပွားရေးလောကကြီး ကမောက်ကမ ဖြစ်ပြီး နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးများ ကျဆင်းသွားခဲ့ပါသည်။တံခါးပိတ်စီးပွားရေးဖြစ်သွားပါသည်။၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီက မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ဆိုရှယ်လစ်နိုင်ငံထူထောင်ရန်အတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တည်ထောင်ခဲ့သည်။ယင်းပါတီတွင် စစ်ဘက်ဝန်ထမ်းများ၊ အရပ်ဘက်ဝန်ထမ်းများ ပါဝင်ကြသည်။ ပါတီအဆင့်ဆင့် အဖွဲ့များတွင် စစ်ဘက်ဝန်ထမ်းများက ဦးဆောင်ခဲ့ကြသည်။ အာဏာသိမ်းစစ် ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဥက္ကဌကြီးဖြစ်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ယခင်ကရရှိပြီးသော အလုပ်သမားများ၏ အခွင့်အရေးဆိုင်ရာဥပဒေများကို ဖုံးကွယ်စေသည့် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းချက်ဆိုသည့်ဥပဒေကို ထုတ်ပြန်ခဲ့သည်၊ ။ ထို့ကြောင့် အလုပ်သမားများသည် လမ်းစဉ်ပါတီ၏သြဇာခံမျှသာ ဖြစ်ကြရပေသည်။လူမှုရေး၊ပညာရေးကိစ္စများလည်း အဆင်မပြေဖြစ်ခဲ့ရသည်။ တက္ကသိုလ်ကျောင်းသားများသည် ကျောင်းအုပ်ချုပ်ရေးနှင့် အစိုးရအပေါ်မကျေနပ်ကြ၍ ဆန္ဒပြကြရာတွင် တော်လှန်ရေးကောင်စီအစိုးရက အကြမ်းဖက်နှိမ်နင်းခဲ့သည်။ ကျောင်းသားအချို့မှာ ထောင်ဒဏ်အပြစ်ပေးခံရသည်။ တက္ကသိုလ်ကျောင်းများကိုလည်း မကြာခဏပိတ်ထားကြသည်၊ တချိန်က ကိုလိုနီစနစ်ကိုဆန့်ကျင်ခဲ့ကြသော တက္ကသိုလ်ကျောင်းသားများ၏ သမဂ္ဂအဆောက်အဦကိုလည်း ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီးခြင်းခံရသည်။ ၁၉၇၄ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရသည် ပြည်ထောင်စုဆိုရှယ်လစ်သမတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူ၍ ပြဋ္ဌာန်းခဲ့ပါသည်၊နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သည် ဆိုရှယ်လစ်စနစ်ဖြစ်သည်။ နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြစ်သည်။ နိုင်ငံတော်၏ ဖွဲ့စည်းပုံသည် ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ဖြစ်သည်။နိုင်ငံတော်သည် တခုတည်းသောပါတီစနစ်ကိုသာ ကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်၏ တခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်ဟု ဖော်ပြထားသည်။ နိုင်ငံတော်ကို ပြည်နယ် ၇ ခု၊ တိုင်း ၇တိုင်းတို့ဖြင့် ပူးပေါင်းဖွဲ့စည်းထားသော တပြည်ထောင်စု ပုံစံဖြစ်သည်။ နိုင်ငံတော်ကောင်စီ၊ ပြည်နယ်–တိုင်းကောင်စီ၊မြို့နယ်ကောင်စီနှင့် ရပ်ကျေးကောင်စီတို့ဖြင့် စီမံခန့်ခွဲအုပ်ချုပ်သည်။



နိုင်ငံတော်ကောင်စီဥက္ကဌသည် နိုင်ငံတော် သမတဖြစ်သည်။ လွှတ်တော်ကို ပြည်သူ့လွှတ်တော်တရပ်ဖြင့်သာ ဖွဲ့စည်းသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်များသာ ဝင်ရောက်အရွေးခံပိုင်ခွင့် ရှိသည်။ လွှတ်တော်သက်တမ်းသည် ၄ နှစ်ဖြစ်သည်။ လွှတ်တော်သည် ဥပဒေပြုအာဏာရှိပြီး၊ နိုင်ငံတော်၏စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာတို့ကို နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများအား ခွဲဝေအပ်နှင်းနိုင်သည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို တနှစ်လျှင်နှစ်ကြိမ် ကျင်းပရသည်။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီရွေးချယ်တင်မြှောက်ပွဲများ ကျင်းပ ပြီးစီးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်တို့၏အစည်းအဝေးကို ခေါ်ယူ ကျင်းပရမည်ဟု ဖော်ပြထားသည်၊ ဤကဲ့သို့ မြန်မာနိုင်ငံတွင် အချိန်အခါအခြေအနေနှင့်မဆီလျော်သော စနစ်များဖြင့် ကျင့်သုံးဆောင်ရွက်မှုများကြောင့် တိုင်းပြည်နှင့်လူမျိုးပါ အဆင့်အတန်းနိမ့်ကျခဲ့ရသည်။မမှန်ကန်သော စီးပွားရေးလုပ်ငန်းများဖြင့်သာ ပြည်သူများ လုပ်ကိုင်စားသောက်နေကြရသည်။ ပါလီမန်ဒီမိုကရေစီခေတ်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံ ဖြစ်ခဲ့ရာမှ ဆိုရှယ်လစ်ဒီမိုကရေစီခေတ်တွင် အောက်သို့ထိုးကျသွားပြီး ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနိုင်ငံ ဖြစ်ခဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင် တိုင်းပြည်၌ အဘက်ဘက်မှ အခြေအနေဆိုးများနှင့် ကြုံတွေ့နေရစဉ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီညီလာခံ ကျင်းပသောအခါ ပါတီဥက္ကဌဦးနေဝင်းသည် တိုင်းပြည်တွင် အခြေအနေပြောင်းလဲနိုင်ရန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရအား ပါတီစုံဒီမိုကရေစီစနစ်ကြိုက် မကြိုက် ပြည်သူ့ဆန္ဒခံယူရန် မိန့်ကြားခဲ့ပြီး ၎င်းနှင့်အတူ နိုင်ငံတော်သမတဦးစန်းယုပါ မိမိတို့ရာထူးအသီးသီးမှ နုတ်ထွက်ခဲ့ကြပါသည်။ သို့ရာတွင် သမတ ၂ဦး ပြောင်းလဲခဲ့သော်လည်း လမ်းစဉ်ပါတီအစိုးရသည် ပါတီစုံဒီမိုကရေစီစနစ် ပြောင်းလဲရန် အားထုတ်ခြင်းမရှိသည့်အပြင် RIT ကျောင်းသား မောင်ဖုန်းမော်အား ကျောင်းဝင်းအတွင်း လုံထိန်းရဲများ ကဝင်ရောက်၍ သေနတ်ဖြင့်ပစ်သတ်ခဲ့သည်။ ယင်းကဲ့သို့ မောင်ဖုန်းမော် မတရားပစ်သတ်ခံရခြင်းကြောင့် ဗုံးစနက်တံ မီးရှို့သကဲ့သို့ဖြစ်ပြီး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ပြည်သူလူထုကြီးတရပ်လုံး အုံကြွပေါက်ကွဲ၍ အစိုးရဆန့်ကျင်ဆန္ဒပြ ကန့်ကွက်ပွဲကြီး တပြည်လုံးတွင် ပေါ်ပေါက်ခဲ့ပါသည်။

ယင်းကဲ့သို့ တပြည်လုံးဆန္ဒပြကန့်ကွက်ပွဲများတွင် လူတန်းစားပေါင်းစုံ အလွှာပေါင်းစုံပါဝင်ခဲ့ကြပြီး ဒီမိုကရေစီတောင်းဆိုပွဲအသွင်ကူးပြောင်းကာ ရက်ပေါင်း များစွာဖြစ်ပေါ်နေမှုကြောင့် နောက်ဆုံး နိုင်ငံတော်သမတ ဒေါက်တာမောင်မောင်သည် လူထုခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းမပြုဘဲ နိုင်ငံတော်အာဏာကို တပ်မတော်လက်သို့လွှဲပြောင်းပေးပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် အစိုးရကို ဖျက်သိမ်းခဲ့ပါသည်။ ပြည်သူလူထုကြီး၏ တခဲနက်ဆန္ဒပြတောင်းဆိုမှုကြီးကိုလည်း ရက်စက်စွာ အကြမ်းဖက် နှိမ်နင်းဖြိုခွဲခဲ့သည်။

တပ်မတော်သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် အမိန့်အမှတ် ၁/၈၈ ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၁/၈၈ဖြင့် တပ်မတော်သည် လုပ်ငန်းတာဝန် ၄ရပ်ကို ထမ်းဆောင်ရန် အာဏာအရပ်ရပ်ကို ယူလိုက်သည်။ ယင်းတာဝန် ၄ ရပ်အနက်မှ စတုတ္ထတာဝန်အရ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဥပဒေပြဋ္ဌာန်း၍ ၁၉၉၀ ပြည့်နှစ်မေလ ၂၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါသည်၊ ရွေးကောက်ပွဲတွင် တရားမျှတ၍ လွတ်လပ်မှုရှိခဲ့ပါသည်။ မဲဆန္ဒရှင်အပေါင်းတို့ကလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာပေါင်း ၄၉၂နေရာရှိသည့်အနက် နိုင်ငံရေးပါတီပေါင်းစုံမှ လွှတ်တော် ကိုယ်စားလှယ် ၄၈၅ဦးကိုရွေးချယ် တင်မြှောက်ခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၂ဦး ရွေးချယ်ခံခဲ့ရပါ





သမတ(၂)ဦး ပြောင်းလဲခဲ့သော်လည်း
လမ်းစဉ်ပါတီအစိုးရသည် ပါတီစုံဒီမိုကရေစီစနစ်ပြောင်းလဲရန်
အားထုတ်ခြင်းမရှိသည့်အပြင်
RIT ကျောင်းသား မောင်ဖုန်းမော်အား
ကျောင်းဝင်းအတွင်း လုံထိန်းရဲများကဝင်ရောက်၍
သေနတ်ဖြင့်ပစ်သတ် ခဲ့သည်။
ယင်းကဲ့သို့ မောင်ဖုန်းမော် မတရားပစ်သတ်ခံရခြင်းကြောင့်
ဗုံး စနက်တံ မီးရှို့ကဲ့သို့ဖြစ်ပြီး
တက္ကသိုလ် ကျောင်းသား၊ကျောင်းသူများနှင့်အတူ
ပြည်သူလူထုကြီးတရပ်လုံး အုံကြွ ပေါက်ကွဲ၍
အစိုးရဆန့်ကျင်ဆန္ဒပြ ကန့်ကွက်ပွဲကြီး
တပြည်လုံးတွင် ပေါ် ပေါက်ခဲ့ပါသည်။



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

**မိုးကြိုး သတင်းစဉ်   အမှတ် (၂၀)**

သည်။

သို့ရာတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ယနေ့တိုင်အောင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော် ညီလာခံအစည်းအဝေးကို ပြုလုပ်ပေးခြင်းမရှိသေးပါ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေဖြင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကို ၁၃ နှစ်ကြာ စိုးမိုးအုပ်ချုပ်ခဲ့ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ အခြေအနေအကျပ် အတည်းများ ကြုံတွေ့နေရပြီး ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနှင့် အဆင်းရဲဆုံးနိုင်ငံအဖြစ်မှာလည်း ဆက်လက်တည်မြဲလျက် ရှိပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှလည်းကောင်း၊ လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လည်းကောင်း၊ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO အနေဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအား ၁၉၉၀ ပြည့်နှစ်က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရလဒ်အဖြစ်၊ ပြည်သူ့လွှတ်တော် အစည်းအဝေးခေါ်ယူကျင်းပပေးရေး၊ တိုင်းရင်းသားလူမျိုးစုများအပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေးရေး၊လူ့အခွင့်အရေးများ ချိုးဖောက်နေမှုများရပ်စဲရေး၊အဓမ္မ လုပ်အားပေးစေခိုင်းခြင်းများ ရပ်ဆိုင်း၍ အလုပ်သမားများ၏ အခွင့်အရေးများ ပီပြင်စွာလုပ်ဆောင်ပေးရေး အစရှိသည်တို့ဖြင့် ဖိအားပေးခံနေရပါသည်။

နိုင်ငံတကာမှလည်း စီးပွားရေး ပိတ်ဆို့မှုများပြုလုပ်ခြင်း ခံနေရပါသည်။ မြန်မာနိုင်ငံအား ခေတ်မီဖွံ့ဖြိုး တိုးတက်သောနိုင်ငံ ဖြစ်စေရန်အတွက် နိုင်ငံရေးအဖွဲ့အစည်း မဟုတ်သည့် ပြည်သူ့ဝန်ထမ်း အဖွဲ့အစည်းတခုသာ ဖြစ်သောတပ်မတော်တဖွဲ့တည်းအနေဖြင့် ဘယ်နည်းနှင့်မျှ ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်မည်မဟုတ်ပါ၊ အထက်တွင်ဖော်ပြခဲ့သော သာဓကများကထင်ရှားလှပါသည်။ အမှန်တကယ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်စေရန်မှာ ပြည်သူများအတွက် လွတ်လပ်မှုအပြည့်အဝရှိသော ဒီမိုကရေစီနိုင်ငံဖြစ်မှသာလျှင် ရရှိနိုင်မည် ဖြစ်ပါသည်။ ဒီမိုကရေစီဆိုသည်မှာ ပြည်သူတွေက ပြည်သူတွေအတွက် ပြည်သူတွေ၏ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အာဏာသည် ပြည်သူတွေကသာ ဆင်းသက်ရမည်ဆိုသည့်အတိုင်း ဖြစ်ပါသည်။ အထွေထွေရွေးကောက်ပွဲသည် ပြည်သူတွေ၏ အခြေခံအခွင့်အရေးဖြစ်ပါသည်။တိုင်းပြည်၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော ပြည်သူ့လွှတ်တော်နှင့် တိုင်းပြည်၏ အသက်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အစရှိသည်တို့ အကောင်အထည်ဖော်ရန် ယခုအချိန်တွင် အထူးလိုအပ်နေပြီဖြစ်ပါသည်။ သို့ပါသောကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းပြည်တွင် အထက်ဖော်ပြပါအခြေအနေဆိုးမျိုးများ နောင်တွင် မပေါ်ပေါက်စေရန် ဒီမိုကရေစီနိုင်ငံသစ် ဖြစ်ပေါ်လာရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဥပဒေအရလည်းကောင်း၊ နိုင်ငံတော်အကြီးအကဲများ၏အာဏာကို အမြဲဆုပ်ကိုင်မထားဘဲ၊ သင့်တော်သည့်အချိန်တွင် ပြည်သူ့လွှတ်တော်ညီလာခံခေါ်ပေးမည်ဟု မိန့်ကြားပြောဆိုချက်များအရ လည်းကောင်း၊ဤ ၁၁နှစ်တိုင်တိုင် လျစ်လျူရှု ထားသော ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်ကိုအသိအမှတ်ပြုပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့ စည်းထားသော ပြည်သူ့လွှတ်တော်ညီလာခံအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပပေးရန်သာ ဖြစ်ပါတော့သည်။

❖

---

**မြန်မာနိုင်ငံအား ခေတ်မီဖွံ့ဖြိုး တိုးတက်သောနိုင်ငံ ဖြစ်စေရန်အတွက်**
**နိုင်ငံရေးအဖွဲ့အစည်း မဟုတ်သည့်**
**ပြည်သူ့ဝန်ထမ်း အဖွဲ့အစည်းတခုသာ ဖြစ်သော**
**တပ်မတော်တဖွဲ့တည်းအနေဖြင့်**
**ဘယ်နည်းနှင့်မျှ ဖြစ်မြောက်အောင်**
**လုပ်ဆောင်နိုင်မည်မဟုတ်ပါ။**
**အထက်တွင်ဖော်ပြခဲ့သော သာဓကများကထင်ရှားလှပါသည်။**
**အမှန်တကယ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်စေရန်မှာ**
**ပြည်သူများအတွက် လွတ်လပ်မှုအပြည့်အဝရှိသော**
**ဒီမိုကရေစီနိုင်ငံဖြစ်မှသာလျှင်**
**ရရှိနိုင်မည် ဖြစ်ပါသည်။**

---

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ရန်ကုန်မြို့**
**၁၃၆၃ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၆)ရက်**
**၂၀၀၁ ခုနှစ် မေလ ၂၇ရက်**

---


Burma Independent News Agency

**မြန်မာနိုင်ငံ**
**လွတ်လပ်သည့် သတင်းအေဂျင်စီမှ**
**ထုတ်ဝေဖြန့်ချိသည်။**

P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com






## ဒေါက်တာ
## တော်ဝင် ကြက်တူရွေး

ဘယ့်နှယ်
ဝင့်ဝါနေလိုက်ပုံများဖြင့်
မိုးခြိမ်းသံကို တုဖက်ပြိုင်နေတဲ့ ဖားငယ်လို ။

သမ္မာကျမ်းစာက အစ
မူလတန်းဖတ်စာ အဆုံး
တလုံး တပါဒမကျန် ရွတ်ဟန်ဆိုဟန်
(ဂန္ထဝင်ကလည်း ဆန်ပါသေး)
အသံကလည်း ရာဇသံ မကျတကျ
ဟန်ကလည်း တော်ဝင်ဟန် မက တက
ပြောမှ ပြောတတ်ပါလေရဲ့
အိုဘယ့်ဘယ်...အိုဘယ့်
ကြက်တူရွေးငဲ့......။

ကိုယ့်ပြည်ကို ချစ်ပါ
ကိုယ့်မြေမှာ မဝရေစာလေးပဲဖြစ်ဖြစ်
ဇွတ်နှစ်ပြီး စားကြပါ
ဘာလုပ်လုပ် ခေါင်းငုံ့နေကြပါ
တော်ကြာ...သူများတိုင်းပြည်မှာ
ဘာဘာ...ညာညာ
တော်တော်...တော်တဲ့ တော်ဝင်ငှက်ပါ။

သူမ
မိုးကောင်းကင်အတုပေါ်မှာ
(ဆက်တင်တွေ ခပ်များများနဲ့ပါ)
မိုးခြိမ်းသံအတု...လျှပ်စီးအတု
မိုးစက်အတု...တုသူတွေထဲက အတု
သူ့ခေတ်နဲ့တော့ သူတွင်ကျယ်
တိမ်တောင်သဖွယ် မင်းရေးကျယ်ဆိုစကား
သူမ...
နားလည်ပါရဲ့လား။

ဩော်...ခများ
ကိုယ့်တိုင်း ကိုယ့်ပြည် အဖြစ်ဆိုး
မသိနိုးနိုး နိုင်လှချည့်
တချို့ ထမင်းတလုပ် ...ဒုတ်တချက်
တချို့ ထမင်းအိုး အမြောက်နဲ့ပစ်ချနေရ
ဘယ်နိုင်ငံ ဘယ်လူမျိုးမဆို
ကိုယ့်အိမ်ကောင်းရင်
သူများအိမ် ပြောင်းမအိပ်ချင်ပါဘူး။

ကိုယ့်အိမ်ထဲ
အိပ်ကောင်းခြင်းလဲ မအိပ်ရ
စားကောင်းခြင်းလဲ မစားရ
စကားလေးမှ ကျယ်ကျယ် မဟရဲတဲ့ ဘဝတွေမှာ
(သူများနိုင်ငံမှာ)
ရင်နာစရာ ဇာတ်လမ်းများစွာ
ဘယ်သူ ကြုံချင်မှာလဲဗျာ...။

ခုတော့
ဒုတ်ထိုးအိုးပေါက်
ကျမ်းအဆူအဆူကိုင်ပေါက်နေတဲ့
တော်ဝင် ဒေါက်တာ ကြက်တူရွေးခများ
ဓါးခုတ်ရာ လက်ရှိုဝင်ခဲ့ရုံမက
ဒေါက်တာဘဝကနေ...ဒေါက်တိုင်ကြီး ဖြစ်ခဲ့ရ
ဒီကာလမှာတော့
သူမကို
ရာဇဝင်ထဲမှာ ချန်ထားခဲ့တော့မယ် ။ ။

မောင်ကြီးပြည်စိုး

**၂၇၊မေ၊၂၀၀၁၊ မြန်မာ့အလင်းသတင်းစာပါ ဒေါက်တာ မတင်ဝင်း ၏**
**(ဗညားဦးလို မငိုရစေနဲ့) ဆောင်းပါးကို တုန့်ပြန်ပါသည်**